မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘုတ်ပြင်းမြို့နယ် မဟာဒေသရှိ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီ၏ တစ်နာရီ ၇ ဒသမ ၅ တန်ကျ ဆီကြိတ်စက်ရုံမှ ဆီကြိတ်ထုတ်လုပ်မှုလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘုတ်ပြင်းမြို့နယ် မဟာဒေသရှိ တောင်ဒဂုံဆီအုန်းကုမ္ပဏီ၏ ဆီကြိတ်စက်ရုံတွင် ဆီသီးနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုး

❒ နိုင်ငံတော်နှင့် ပြည်သူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ အခြေခိုင်မာ၊

❒ နယ်မြေအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်လာနိုင်၊

❒ မျိုးချစ်စိတ်ဓာတ်အခြေခံပြီး သူတစ်ပါးအပေါ် မှီခိုအားထားလိုစိတ်များဖယ်ရှား၊

❒ မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်၊

❒ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး တက်တက်ကြွကြွ ဆက်လက်ပူးပေါင်းဆောင်ရွက်

တနင်္သာရီတိုင်းသည် ရေ၊ မြေသယံဇာတ ပေါကြွယ်ဝသည့် တိုင်းဖြစ်သည်။ ယင်းသဘာဝ အရင်းအမြစ် အခြေခံများနှင့် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ အဆက်အစပ်ရှိရှိ ပေါင်းစပ်မိလာသည်နှင့်အမျှ တနင်္သာရီတိုင်းသည် ယခင်ကထက် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ စီးပွားရေး အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေး အခွင့်အလမ်းများသည် ခိုင်မြဲစွာ ပေါ်ထွက်လာပြီဖြစ်သည်။

ကော့သောင်းမြို့သည် တစ်ဖက်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေသည့် မြို့ဖြစ်ရာ ရေရှည်၌ နိုင်ငံတော်ရော ကုန်သည်များအတွက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ရန်အတွက် နယ်စပ်ကုန်သွယ်မှုစနစ်မှ ပုံမှန်ကုန်သွယ်မှုစနစ်သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်ပေသည်။ ပုံမှန်ကုန်သွယ်မှုစနစ် ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီလ ၁၂ ရက်နေ့က ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံနှုတ်ဆက်မှာကြားရာ၌–

"ယခင်က ဤကော့သောင်းဒေသသည် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသည့် မြို့နယ်တစ်ခု ဖြစ်ခဲ့ကြောင်း၊ မိမိတို့လက်ထက်၌ ကော့သောင်းဒေသ အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိသည့် မူဆယ်၊ တမူး၊ မောင်တော၊ တာချီလိတ်၊ မြဝတီစသည့် နယ်စပ်ဒေသများကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်း၊ ရည်ရွယ်ချက်မှာ တစ်ဖက်အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရာ၌ တန်းတူရည်တူ ဆက်ဆံနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ယခုအခါ ကော့သောင်းမြို့နှင့် ယင်းနယ်စပ်မြို့အားလုံးသည် ခရိုင်မြို့ကြီးများအဖြစ် စည်ပင်ဖွံ့ဖြိုးလာနေပြီ ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

နိုင်ငံတော်၌ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးဆီ လိုအပ်ချက်ရှိလာပြီး ပြည်ပမှ စားအုန်းဆီများကို အတိုင်းအတာဖြင့် တင်သွင်းနေရသည်။ ထို့ကြောင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးပြီး နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရန် နိုင်ငံတော်အစိုးရက အားပေးစီစဉ်ဆောင်ရွက်ခဲ့သည်။ ဆီအုန်းစိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း နိုင်ငံတော်၏ စေတနာနှင့်ရည်မှန်းချက်ကို နားလည်သိရှိပြီး တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရေး၊ ဆီအုန်းဧက ငါးသိန်းကို စောနိုင်သမျှစောစွာ စိုက်ပျိုးပြီးစီးရေး အားထုတ်စိုက်ပျိုးသွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စားသုံးဆီဖူလုံရေးအတွက်သာမက ဆန်စပါးဖူလုံပိုလျှံရေးအတွက်လည်း စပါးတင်းသန်း ၁၅၀၀ ထွက်ရှိရေး ရည်မှန်းချက်ချ၍ စီမံဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြုပြင်ပြောင်းလဲ တည်ဆောက်လျက်ရှိသည့် ခေတ်သစ်၊ စနစ်သစ်၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ မျှဝေခံစားရစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းဆောင်ရွက်ချက်များအပေါ် ပြည်သူများအား ကိုယ်စားပြုလျက်ရှိသည့် လူမှုရေးအသင်းအဖွဲ့များကလည်း တက်ကြွစွာတုံ့ပြန်ကြိုဆို ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်၊

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကိုရယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပန်းတိုင်သို့ ရောက်ရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်နှင့် ကုန်သည်များအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် နယ်စပ်ကုန်သွယ်ရေးစနစ်မှ ပုံမှန်ကုန်သွယ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် သံရည်ကျို၊ သဲပုံလောင်းခြင်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဦးအောင်သောင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ၁၃ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အဆင့်မြင့်စက်မှုဇုန်စီမံကိန်း မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်းပုံနှိပ်စက်ရုံသို့ ရောက်ရှိကြပြီး သံရည်ကျိုခြင်း၊ သဲပုံလောင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြရာ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က သံရည်ကျို၊ ပုံလောင်းပုံထောင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ထုတ်လုပ်ပြီးဖြစ်သော စက်အရန်ပစ္စည်းများကို ကြည့်ရှုပြီး စက်အရန်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရေးအတွက် စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရေး မှာကြားကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် သဲရောစက်နှင့် သဲဆေးစက်တို့ကို လည်းကောင်း၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကဌာနများ၏ အမှာစာဖြင့် ထုတ်လုပ်ပြီးဖြစ်သော သွင်းကုန်အစားထိုး လယ်ယာသုံးပစ္စည်းများနှင့် ယာဉ်အပိုပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်းပုံဖိ စက်ရုံမှ ၂၀၀၅ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်၍ သွင်းကုန်အစားထိုးလယ်ယာသုံးပစ္စည်းများနှင့် ယာဉ်အပိုပစ္စည်းများကို ဦးစားပေးအဆင့်အဖြစ် ထုတ်လုပ်ခဲ့ရာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စက်ပစ္စည်း အမယ်(အမည်)ပေါင်း ၅၃မျိုး၊ အရေအတွက်ပေါင်း၉၉၈၁ခုကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ၍ စက်ရုံအနေဖြင့် ထုတ်လုပ်မည့် စက်ပစ္စည်းများကို Phase သုံးခု ခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ Phase(I)အနေဖြင့် အကြမ်းထည်များကို ထုတ်လုပ်လျက်ရှိပြီး လက်ရှိအခြေအနေတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ၃၁ ရက်အထိ လယ်ယာသုံး စက်ကိရိယာများနှင့် မော်တော်ယာဉ်၏ Transmission System အတွက် အပိုပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိကာ အရေအတွက်အားဖြင့် ၉၉၈၁ ခု၊ တန်ဖိုးအားဖြင့် ငွေကျပ်သိန်းပေါင်း ၈၁၀ရှိသည်။

Phase(II) အနေဖြင့် လယ်မြေအတွင်းသို့ ရေတင်သွင်းခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးပြုနေသော စက်လှေများ၊ သမ္ဗန်များတွင် တပ်ဆင်ခြင်း စသည့်လုပ်ငန်းမျိုးစုံအတွက် အသုံးပြုနိုင်မည့် (5/6 H.P), (10/12 H.P) နှင့်(20/22 H.P)ရှိ တစ်လုံးထိုး Diesel Engine၏ အပိုပစ္စည်းများနှင့် မော်တော်ယာဉ်၏ Transmission System အပိုပစ္စည်းများကို ကုန်ချောအဖြစ် စတင်ထုတ်လုပ်လျက် ရှိသည်။

တိုးချဲ့ထုတ်လုပ်

ထို့ပြင် Phase(III) အနေဖြင့် ပိုမိုမြင့်မားသည့် ခေတ်မီ အဆင့်မြင့်နည်းပညာ (Hi- Technology) များကို အသုံးပြု၍ စက်မှုလုပ်ငန်းသုံး Motor Complete Set နှင့် Dynamo Complete Set စသည့် တစ်လုံးထိုး Diesel Engine များကို Mose Production အဖြစ်တစ်နှစ်လျှင် အလုံးရေ(၅၀၀၀)မှ စတင်ထုတ်လုပ်သွားပြီး နှစ်အလိုက် တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Machine Shop အမှတ်(၂)သို့ ရောက်ရှိကြပြီး စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်အပိုပစ္စည်းများ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Forging & Heatreatment Shop သို့ ရောက်ရှိပြီး သံရည်ကျိုခြင်းလုပ်ငန်းနှင့် ပုံလောင်းပုံဖိခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၆–၁–၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၄)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားရှင်"** (အပိုင်း–၄၃)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၁၀ ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၇၆ နေ ဦးမောင်မောင်၊ ဒေါ်ညွန့်ညွန့်စိန် မိသားစုတို့က ဆွမ်းပဒေသာပင်၊ သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးနှင့် ဓာတ်လှေကား တပ်ဆင်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ခြံစည်းရိုးကြက်ဆူပင်ကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့

မောင်ဝ (စိုက်ပျိုးရေး)

သဘာဝက လူတို့အတွက်အရာရာဖန်တီးပေးထားပြီးဖြစ်ပါသည်။ သိသူဖော်စား၊ မသိသူကျော်သွားဆိုသည့် စကားပုံအတိုင်း သဘာဝက ဖန်တီးပေးထားသည့် အရင်းအမြစ်များကို ကြိုးပမ်းရှာဖွေဖော်ထုတ်အသုံးချရန်သာလိုအပ်ပါသည်။ သဘာဝအရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အဓိကအားဖြင့် စားဝတ်နေရေးကို တိုက်ရိုက်အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ထွက်ကုန်ပစ္စည်းများကို တစ်နေရာနှင့်တစ်နေရာ သယ်ယူပို့ဆောင်ဖြည့်တင်းပေးနိုင်မှသာ လူတို့အတွက် အဆင်ပြေမည် ဖြစ်ပါသည်။

လူတို့၏ စားဝတ်နေရေးအတွက် သယ်ယူပို့ဆောင်ဖြည့်တင်းရာတွင် သဘာဝမှ အလိုအလျောက်ထွက်ရှိသော သယံဇာတဖြစ်သည့် ရေနံကို အားထားနေရမှုမှာ ရာစုနှစ်ကျော်လာပြီဖြစ်၍ ရေနံသဘာဝသယံဇာတမှာ တဖြည်းဖြည်း အထွက်လျော့နည်းလာနေပြီဖြစ်ပါသည်။

ရေနံသဘာဝသယံဇာတ လျော့နည်းလာသည်နှင့်အမျှ အခြားနည်းလမ်းများဖြင့် အစားထိုးနိုင်ရေးကို နိုင်ငံအတော်များများမှ စဉ်းစား၍ စမ်းသပ်တီထွင်လာကြသည်ကို တွေ့ရပါသည်။ တီထွင်ကြံဆမှုများအနက် သီးနှံပင်မှ ရေနံအစားထိုးလောင်စာဆီကို ရနိုင်သမျှ လက်လှမ်းမီ သုတေသနပြုလုပ်လာကြသည်ကို တွေ့ရပါသည်။

သီးနှံပင်များမှ ရေနံအစားထိုးလောင်စာဆီရရှိရေး သုတေသနပြု ရှာဖွေဖော်ထုတ်ကြရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံစိုက်ပျိုးမှုတိုးတက်ရေးနှင့် ထုတ်လုပ်မှုတိုးတက်ရေး အတွက်ဆောင်ရွက်လျက်ရှိရာ ၂၀၀၄ခုနှစ်မှစ၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးစမ်းသပ်တီထွင်ကြံဆမှုဖြင့် ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်မှု အောင်မြင်စွာ ဖော်ထုတ်ရရှိခဲ့ပါသည်။

ခြံစည်းရိုးကြက်ဆူပင်ကို မြန်မာနိုင်ငံတွင် အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့တွင် ရှေးနှစ်ပေါင်းများစွာကပင် သီးနှံစိုက်ပျိုးသော ယာမြေများ၊ နေအိမ်၊ ကျေးရွာခြံစည်းရိုးများတွင် ခြံစည်းရိုးပင်များအဖြစ် စိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။

ခြံစည်းရိုးကြက်ဆူပင်ကဲ့သို့ အခြားကြက်ဆူပင်တစ်မျိုးလည်း မြန်မာနိုင်ငံတွင် ပေါက်ရောက်သည်ကို တွေ့ရှိရပါသည်။ အဆိုပါ ကြက်ဆူပင်မှာ ခြံစည်းရိုးကြက်ဆူကဲ့သို့ အပင်ပုံသဏ္ဌာန်နှင့် အသီးမှာမတူဘဲ အရွက်မှာ ကြီးမားကျယ်ပြန့်ပြီး အသီးအခိုင်အလိုက်အထက်သို့ ထောင်မတ်သီးလေ့ ရှိပါသည်။ မြန်မာနိုင်ငံတွင်ပေါက်ရောက်မှုများသော်လည်း ခြံစည်းရိုး ကြက်ဆူလောက် ဖြစ်ထွန်းပွားများမှုမရှိပါ။ ယင်းကြက်ဆူအသီးမှာ အပေါ်ယံတွင် ဆူးပျော့များဖြင့် ခြင်းလုံးကဲ့သို့ရှိပြီး အစေ့မှာအကျားဖြစ်ပါသည်။အင်္ဂလိပ်အမည် Castor ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Ricinus communis ဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူပင်၏ အင်္ဂလိပ်အမည် Physicnut (Pur ging nut) ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Jatropha curcas ဖြစ်ပါသည်။ အသီးမှာ လုံးချောဖြစ်၍ အောက်သို့တွဲလောင်းကျ၍ သီးပါသည်။ အစေ့မှာ အနက်ရောင်ဖြစ်ပါသည်။ ခြံစည်းရိုးကြက်ဆူပင်၏ မူရင်းဒေသမှာ အလယ်ပိုင်း အမေရိကနိုင်ငံများဖြစ်သော မက္ကဆီကိုနိုင်ငံ၊ ကော်စတာရီကာ၊ အယ်လ်ဆာဗေးဒို၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနှင့် ပနားမားနိုင်ငံများ ဖြစ်ပါသည်။ အဆိုပါဒေသများမှတစ်ဆင့် ကာရစ်ဘီယံဒေသနှင့် အနောက်အိန္ဒိယကျွန်းစုများ၊ တောင်အမေရိကနိုင်ငံများသို့ အဆင့်ဆင့် ပျံ့နှံ့လာပြီးနောက် ပေါ်တူဂီကုန်သည်များ သယ်ယူလာသဖြင့် အာဖရိကနှင့် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ ၁၇ ရာစုခန့်ပင် ရောက်ရှိလာခဲ့သည့် အထောက်အထားများ တွေ့ရှိရပါသည်။ နိုင်ငံအများစု၌ ယင်းနိုင်ငံ၏ ဘာသာစကားဖြင့် ခြံစည်းရိုးကြက်ဆူဆီပင်အဖြစ် ခေါ်ဆိုခြင်းကို ထောက်ရှုခြင်းအားဖြင့် ခြံစည်းရိုးပင်အဖြစ်လည်းကောင်း၊ ဆီထွက်အပင်အဖြစ်လည်းကောင်း၊ ရှေးယခင်ကပင် အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ခြံစည်းရိုးကြက်ဆူပင်ဟုပင် ခေါ်ဝေါ်သုံးစွဲပါသည်။

အပင်ပုံသဏ္ဌာန်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်ခံ အပင်ပုမျိုးဖြစ်ပြီး အပင်သည် ခြောက်ပေမှ ၁၈ ပေအထိ ရှိတတ်ပါသည်။ ပင်စည်နှင့်ကိုင်းများသည် အခေါင်းပွများဖြစ်ပြီး နို့နှစ်ရောင် (သို့မဟုတ်) အဝါရောင်သမ်းသော အစေးရည်ထွက်ရှိပါသည်။ အရွက်မှာ ဝါရွက်ကဲ့သို့ အရွက်အချိုင့်ငါးခုပါရှိပြီး အကျယ် သုံးလက်မမှ ခြောက်လက်မခန့်ရှိပါသည်။ သီးပွင့်မှု သဘာဝအနေဖြင့် အစိမ်းရောင်သမ်းသည့် ပန်းခိုင်၊ အဝါရောင်သမ်းသည့်အပွင့်ရှိပြီး ခေါင်းလောင်းပုံသဏ္ဌာန် ရှိပါသည်။ ပန်းခိုင်များမှာ အကိုင်း၏အဖျားပိုင်းမှထွက်ပါသည်။ တစ်ပင်တည်းတွင် အဖိုပွင့်၊ အမပွင့်သီးခြားစီရှိသော အပင်မျိုးဖြစ်ပါသည်။ ခြောက်သွေ့သော ဒေသ၌ ပန်းပွင့်ချိန်နှင့်အသီးသီးချိန် တစ်နှစ်လျှင် နှစ်ကြိမ်ရှိပါသည်။ ပထမအကြိမ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ပန်းပွင့်ပြီး အသီးကို မေလတွင်ရရှိပါသည်။ ဒုတိယအကြိမ် ဩဂုတ်လ၊ စက်တင်ဘာလများတွင် ပန်းပွင့်ပြီးနောက် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် အသီးရရှိ ပါသည်။ ပန်းပွင့်ခြင်းနှင့်အသီးသီးခြင်းသည် အစိုဓာတ် ရရှိမှုနှင့် တိုက်ရိုက်ဆက်နွှယ်မှုရှိပါသည်။ အသီးသည် လုံးဝန်း၍ အစိမ်းရောင်ရှိပြီး ၂ဒသမ ၅၄ စင်တီမီတာ အရှည်ရှိပါသည်။ ပင်စည်တွင် အခိုင်လိုက်သီးကာ တစ်ခိုင်လျှင် ငါးလုံးမှ ၁၀ လုံးအထိရှိပါသည်။ ရင့်မှည့်ပါက အဝါရောင် ပြောင်းလာပြီးနောက် တဖြည်းဖြည်း ခြောက်၍ အမည်းရောင်သို့ ပြောင်းလဲသွားပါသည်။ အသီးတစ်လုံးလျှင် အစေ့အိမ်သုံးခန်းပါဝင်သဖြင့် သုံးစေ့ရရှိနိုင်ပြီး အစေ့မှာအနက်ရောင်ရှိပါသည်။ အပင်

ခြံစည်းရိုးကြက်ဆူပင်၏ အသီးမှည့်နှင့် အစေ့ကို ဤသို့တွေ့ရသည်။

သက်တမ်းမှာ နှစ်ပေါင်း ၅၀ အထိရှိနိုင်ပြီး ခြောက်နှစ်မှ နှစ် ၃၀ အထိ အသီးထွက်နှုန်းကောင်းမွန်ပါသည်။

ခြံစည်းရိုးကြက်ဆူသည် အပူပိုင်းခြောက်သွေ့သော ဒေသမှ စွတ်စိုသော သမပိုင်းအထိဖြစ်ထွန်းနိုင်ပါသည်။ နှစ်စဉ်မိုးရေချိန် ၁၈လက်မမှ၉၃ လက်မအထိရရှိသော ဒေသအားလုံးတွင် ဖြစ်ထွန်းနိုင်ပြီး အသင့်တော်ဆုံး အပူချိန်မှာ ၁၈ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ် အတွင်းဖြစ်ပါသည်။ အပူချိန်မြင့်၍ ခြောက်သွေ့သော ဒေသများတွင် ဖြစ်ထွန်းနိုင်ပါသည်။ မိုးရွာသွန်းမှု ကောင်း၍ အစိုဓာတ်ရရှိသော ဒေသများတွင် တစ်နှစ်ပတ်လုံးသီးပွင့်နိုင်ပြီး ကျန်ဒေသများတွင် တစ်နှစ် နှစ်ကြိမ် သီးပွင့်ပါသည်။

အမြင့်ပေ ၅၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ပါသည်။ ခြောက်သွေ့သော အပူပိုင်းဒေသများတွင် လိုအပ်ပါက တစ်လ ရေတစ်ကြိမ်မှ နှစ်ကြိမ်ပေးပါက ပန်းများဆက်တိုက်ပွင့်ပြီး အသီးသီးနိုင်ပါသည်။ မြေအမျိုးအစားအနေဖြင့် မြေကောင်း မြေညံ့မရွေး စိုက်ပျိုးနိုင်ပါသည်။ အသင့်လျော်ဆုံးမြေမှာ ရေစိမ့်ဝင်မှုကောင်းမွန်သော သဲဆန်သည့်မြေဖြစ်ပါသည်။ စိုက်ပျိုးရာတွင် ရေမဝပ်စေရန် ဂရုပြုရပါမည်။

ခြံစည်းရိုးကြက်ဆူကို မေလနောက်ပိုင်းမှ ဇွန်လလဆန်းပိုင်းအထိတွင် တစ်ကြိမ်စိုက်ပျိုးနိုင်ပြီး မိုးနှောင်းစိုက်အဖြစ် နိုဝင်ဘာလဆန်းမှ ဒီဇင်ဘာလဆန်းအထိ တစ်ကြိမ်၊ မြေတွင်းအစိုဓာတ်ရှိသော ကာလများတွင် စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရာတွင် စိုက်ခင်းအဖြစ်လည်းကောင်း၊ ကျင်းစိုက်အဖြစ် လည်းကောင်း စိုက်ပျိုးနိုင်ပြီး စိုက်ခင်းအဖြစ် စိုက်မည်ဆိုပါက နွားထယ်သုံးစပ်၊ ထွန်ခြောက်စပ်ဖြင့်လည်းကောင်း၊ ထွန်စက်ကြီးဖြင့် လုပ်ကိုင်ပါက စက်ထယ်သုံးသွား၊ လင်ပန်းထယ်တစ်စပ်၊ စက်ထွန် ၁၆ သွားဖြင့် နှစ်စပ်သုံးစပ်ထိုး၍လည်းကောင်း၊ မြေပြုပြင်ပြီး သဘာဝမြေသြဇာလှည်း ၁၀ စီးချပြီး မြေပြုပြင်စိုက်ပျိုးနိုင်ပါသည်။ ကျင်းစနစ်ဖြင့်စိုက်မည်ဆိုပါက တစ်ပေပတ်လည်၊ တစ်ပေအနက်ကျင်းများကို ခြောက်ပေအကွာတူး၍ အပေါ်ယံမြေနှင့် နွားချေးဆွေး၊ သဘာဝမြေဆွေးဆတူရော၍ စိုက်ပျိုးနိုင်ပါသည်။

အဓိကလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီ (Bio Diesel) ထုတ်ယူရာတွင် ကျေးရွာများတွင်ရှိသော လက်လှည့်ဖိစက်၊ ဟိုက်ဒရောလစ်ဖိစက်နှင့်လွန်သွားဖြင့်ကြိတ်၍ ထုတ်ယူသည့်နည်းများဖြင့် ထုတ်ယူနိုင်ပါသည်။ ကြက်ဆူဆီကို အနည်အနှစ်များ ပြောင်စင်အောင် အဝတ်ပိတ်စဖြင့် စစ်ပြီးလျှင် ပစ်စတင်တစ်လုံးထိုး အင်ဂျင်များတွင် လောင်စာဆီအဖြစ် မပြုပြင်ဘဲ တိုက်ရိုက်အသုံးပြုနိုင်ပါသည်။ စက်မှု လယ်ယာဦးစီးဌာနအနေဖြင့် ခြံစည်းရိုးကြက်ဆူဆီဖြင့် လယ်ယာ ၁၆လက်တွန်းထွန်စက်မှ ထွန်စက်ကြီးများအထိ စမ်းသပ်သုံးစွဲ မောင်းနှင်ရာ အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။

စနစ်ကျသော စိုက်ပျိုးနည်းများအနေဖြင့် ခြံစည်းရိုး ကြက်ဆူကို ကိုင်းဖြတ်စိုက်ပျိုးခြင်းနှင့် အစေ့ဖြင့် စိုက်ပျိုးခြင်း နှစ်မျိုးရှိရာ ကိုင်းဖြတ် စိုက်ပျိုးရာတွင် ကိုင်းဖြတ်ပြီး တိုက်ရိုက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင် စိုက်ပျိုးခြင်း နှစ်နည်းရှိပါသည်။ ကိုင်းဖြတ်ပြီး တိုက်ရိုက် စိုက်ပျိုးရာတွင် အကိုင်း၏အရွယ်မှာ လုံးပတ် ၁လက်မမှ ၁ ဒသမ၅ လက်မရှိပြီး အကိုင်း၏ အရှည်မှာ ၉လက်မမှ ၁၂လက်မရှိရမည်ဖြစ်ပါသည်။ ကိုင်းဖြတ် စိုက်ပျိုးရာတွင် မိုးများပါက ကိုင်းများ ပုပ်တတ်သဖြင့် မိုးနှောင်းပိုင်းတွင် စိုက်ပျိုးနိုင်ပါသည်။ ကိုင်းဖြတ်ပြီး ပျိုးထောင်စိုက်ပျိုးရာတွင် ကိုင်းဖြတ်များကို ၆x၄ လက်မအရွယ် ပျိုးအိတ်များတွင် မြေဆွေးနှင့် ရိုးရိုးမြေ ဆတူရောထားသော စပ်မြေထည့်၍ ကိုင်းများကို ပျိုးအိတ်များတွင် ပျိုးထောင်နိုင်ပါသည်။ နှစ်လသားတွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပါသည်။

အစေ့မှစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည် လိုအပ်ပါသည်။ အစေ့ကိုတိုက်ရိုက်စိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်း နှစ်နည်းရှိပြန်ရာ တိုက်ရိုက်မျိုးစေ့ချမစိုက်မီ တစ်ညရေစိမ်ထားပါ။ တစ်ကျင်းနှင့်တစ်ကျင်း ခြောက်ပေကွာထား၍ မျိုးစေ့ချပါ။ အစိုဓာတ်လုံလောက်စွာရပါက ၁၀ ရက်အကြာတွင် အပင်ပေါက်လာပါသည်။ အပင်ပေါက်ပြီး သုံးပတ်အတွင်း တစ်ပင်ချန်၍ လိုသောအပင်များနုတ်ပစ်ပါ။ တစ်ချိန်တည်းတွင် အပင်မပေါက်သော ကျင်းများကို အပြီးဖာထေး စိုက်ပျိုးပေးပါ။ အပင်ပေါက်ပြီး ရှစ်လအကြာတွင် ပန်းစတင်ပွင့်ပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့**



ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းမှ အသီးဆွတ်ခူးနေစဉ်။

နှစ်နှစ်ကြာရပ်ဆိုင်းထားခဲ့သော အင်ဒိုနီးရှားပြည်တွင်းလေကြောင်း မကြာမီပြန်လည်ဖွင့်လှစ်မည်

ဂျကာတာ ဇန်နဝါရီ ၁၅

ဘဏ္ဍာငွေ အခက်အခဲကြောင့် နှစ်နှစ်ခန့် ရပ်ဆိုင်းထားခဲ့ရသော အင်ဒိုနီးရှားနိုင်ငံပိုင် လေကြောင်းလိုင်း ပီတီမာပါတီနူဆန်တာရာမာပါတီ၏ ပြည်တွင်းလေကြောင်းခရီးစဉ် ၄၀ကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာက ဇန်နဝါရီ ၁၂ရက်၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အင်ဒိုနီးရှား အစိုးရက ဘဏ္ဍာငွေအသစ် ခွင့်ပြုသည့် အနေဖြင့် အမေရိကန်ဒေါ်လာ ၇၁သမ ၉သန်းခွင့်ပြုပေးခဲ့သည်ကို ၎င်းလေကြောင်းလိုင်းက လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာ၌ ဖော်ပြသည်။

ထို့ကြောင့် ယခုနှစ် ပထမသုံးလတာ ကာလအတွင်း ပြည်တွင်းလေကြောင်းခရီးစဉ် ၄၀ကို မိမိတို့ ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း မာပါတီလေကြောင်းမှ အရာရှိတစ်ဦးဖြစ်သူ ဂျာကာပူဂျီယိုနိုက ပြောကြားသည်။

ပြုလုပ်မည်

အစိုးရက ခွင့်ပြုသော ငွေကြေးများဖြင့် လေယာဉ်အဟောင်းများကို ပြန်လည်ပြုပြင်ခြင်းနှင့် လေယာဉ်အသစ်ဝယ်ယူခြင်းများအား အလျင်အမြန် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ယခုနှစ်တွင် လေကြောင်းခရီးစဉ်များမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၈ဒသမ ၆သန်းရရှိနိုင်မည်ဟု အဆိုပါ လေကြောင်းကြီးကြပ်သူ အရာရှိများက မျှော်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ခရမ်းချဉ်သီးမှရသော အာဟာရဓာတ် သွေးတိုးရောဂါရှိသူများ သွေးပေါင်ကျစေနိုင်

သွေးတိုးသူများ သွေးပေါင်ကျစေနိုင်သော အာဟာရဓာတ်ပါသည့် ခရမ်းချဉ်သီးများ။ (ဓာတ်ပုံ–အင်တာနက်)

နယူးယောက် ဇန်နဝါရီ ၁၅

ခရမ်းချဉ်သီးမှရသော အာဟာရဓာတ်သည် သွေးပေါင်ကို ကျဆင်းစေနိုင်ကြောင်း လေ့လာချက်တစ်ရပ်အရ သိရသည်။

အစ္စရေးမှ သုတေသနပညာရှင် အဖွဲ့သည် သွေးတိုးရောဂါရှိသူ အမျိုးသား၊ အမျိုးသမီး ၃၁ဦးတွင် ခရမ်းချဉ်သီး ပုံမှန်စားသုံးခဲ့၍ သွေးပေါင် ကျဆင်းခဲ့သည်ကို လေ့လာသိရှိခဲ့ကြောင်း၊ ခရမ်းချဉ်သီးစားသုံးမှုကြောင့် သွေးတိုးသည့် ထိပ်ဆုံးအမှတ်မှ အမှတ် ၁၀သို့ ကျဆင်းခဲ့သည်ကို တွေ့ရကြောင်း ၎င်းသုတေသနပညာရှင်များက ပြောကြားသည်။

ခရမ်းချဉ်သီးတွင်ပါဝင်သော လိုင်ကိုပင်းဓာတ်သည် သွေးတိုးကျစေပြီး နှလုံးရောဂါဝေဒနာခံစားရခြင်းကို လျော့ပါးစေနိုင်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ လိုင်ကိုပင်းနှင့် ဗီတာမင်စီနှင့် အီးပါဝင်သော အစားအစာများသည် နှလုံးရောဂါအပါအဝင် နာတာရှည်ရောဂါများ သက်သာစေနိုင်ကြောင်း၊ ခရမ်းချဉ်သီးတွင် ပါဝင်သော ဓာတ်ပစ္စည်းသည် သွေးပေါင်ကို ကျစေနိုင်ကြောင်း အမေရိကန်နှလုံးဆိုင်ရာ ဂျာနယ်တစ်စောင်က ဖော်ပြသည်။

သွေးပေါင်တက်တတ်သောသူများ ခရမ်းချဉ်သီးကို မကြာခဏစားသုံးပေးသင့်ကြောင်း အမေရိကန်နိုင်ငံ နီဂျက်တက္ကသိုလ်မှ ဒေါက်တာ အီရှာတာပါရန်က ပြောကြားသည်။

အထက်ပါလေ့လာချက်သည် အသက် ၃၀အရွယ်မှ အသက်၇၀အရွယ်အထိ သွေးတိုးအဆင့်(၁)ဖြစ်ပွားသူများကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ သွေးပေါင် အပေါ်သွေး ၁၄၀၊ အောက်သွေး ၁၅၉ရှိသူများ၊ သွေးပေါင် ပုံမှန်မဟုတ်သည့် အပေါ်သွေး ၉၀၊ အောက်သွေး၉၉ရှိသူများ၊ ပုံမှန်အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ရှိသူများ ပါဝင်သည်ဟု ဆိုသည်။ ယင်းတို့သည် ခရမ်းချဉ်သီးဖြင့် ပြုလုပ်ထားသော ဆေးတောင့်များကို တစ်နေ့တစ်လုံးကျ ရှစ်ပတ်ကြာသောက်ခဲ့ရာ သွေးပေါင်၁၄၄မှ ၁၃၄သို့ ကျဆင်းခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ပင်လယ်ရေကြောင်းသွားလာရေး လုံခြုံမှုရှိစေရန် ၁၄နိုင်ငံမှ ကိုယ်စားလှယ်များ တိုကျိုမြို့၌ ဆွေးနွေး

တိုကျို ဇန်နဝါရီ ၁၅

အကြမ်းဖက်မှုများနှင့် ပင်လယ်ဓားပြရန်မှ ကာကွယ်သည့်ဥပဒေကို ထိရောက်မှုရှိစေရန် ပင်လယ်ရေကြောင်း လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၄နိုင်ငံမှ ကိုယ်စားလှယ်များက ဇန်နဝါရီ ၁၂ရက်၌ တိုက်တွန်းဆော်ဩလိုက်သည်။

ကျင်းပ

အဆိုပါ ၁၄နိုင်ငံမှ ကိုယ်စားလှယ်များသည် ၁၉၉၅ခုနှစ်က တိုကျိုမြို့တွင် မြေအောက်မီးရထားကို အဆိပ်ဓာတ်ငွေ့ ထုတ်လွှတ်ကာ တိုက်ခတ်မှုကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုကဲ့သို့ နှစ်ရက်ကြာ အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝေဟင်၊ မြေပြင်နှင့်ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးတို့တွင် လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထုတ်ပြန်

အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းသွားလာရေးကို အကြမ်းဖက်မှုနှင့် လက်နက်ကိုင် တိုက်ခိုက်မှုများက ခြိမ်းခြောက်နေသည်ကို မိမိတို့သိရှိသဘောပေါက်ကြောင်း၊ ထို့ကြောင့် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ကြရေးကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်လာသည့် နိုင်ငံများမှ ဝန်ကြီးများ၏ ပြောကြားချက် အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်သည်။

ဝေဟင်နှင့်မြေပြင်လုံခြုံရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်သွားမည်ဖြစ်ပြီး ကုန်းလမ်း သယ်ယူပို့ဆောင်ရေး၏ လုံခြုံရေးဆောင်ရွက်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျ၊ ဗြိတိန်၊ အင်ဒိုနီးရှား၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါအပါအဝင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အပြင် အခြားကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းသုံးခုလည်း ပါဝင်တက်ရောက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖလူးဂျာရှိ ကန်စစ်အခြေစိုက်စခန်းအား ပြောက်ကျားများက မော်တာများဖြင့် ပစ်ခတ်

ဖလူးဂျာ ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ ဖလူးဂျာမြို့ စစ်ဆေးရေးဂိတ်အနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို ပြောက်ကျားများက ဇန်နဝါရီ ၁၃ရက်က မော်တာများဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

အမည်မသိ ပြောက်ကျားများက ဖလူးဂျာမြို့အနီး အမေရိကန် စစ်အခြေစိုက်စခန်းကို မော်တာများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအခြေစိုက်စခန်းများမှ မီးတောက်၊ မီးခိုးတန်းကြီးများ ကောင်းကင်သို့ လွင့်တက်နေသည်ကိုလည်း တွေ့ရကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

ဇန်နဝါရီ ၁၁ရက်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါ အရပ်ဒေသရှိ ပြောက်ကျားများကို ချေမှုန်းတိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ပြောက်ကျားများက အမေရိကန်နှင့် ယင်းတို့ကျောထောက်နောက်ခံပြုထားသော အီရတ်တပ်များကို ခုခံတိုက်ခိုက်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကူဝိတ်ဧော်ဘွား ကွယ်လွန်

ကူဝိတ် ဇန်နဝါရီ ၁၅

ကူဝိတ်စော်ဘွား ရှိတ်ဂျာဘာ အယ်အာမက် အယ်ဆာဘတ် ကွယ်လွန်သွားပြီဖြစ်ကြောင်း ကူဝိတ်နိုင်ငံပိုင် ရုပ်မြင်သံကြား သတင်းဌာနက ဇန်နဝါရီ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ထုတ်လွှင့်

အဆိုပါကြေညာချက်မှာ ကူဝိတ်စော်ဘွားဆိုင်ရာ လွှတ်တော်ရုံးမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို ရုပ်မြင်သံကြား သတင်းဌာနမှ ထုတ်လွှင့်သွားခြင်းဖြစ်သည်။

အုပ်ချုပ်

ကူဝိတ်စော်ဘွား ရှိတ်ဂျာဘာ အယ်အာမက် အယ်ဆာဘတ်သည် နှစ်ပေါင်း၂၄၅နှစ်သက်တမ်းရှိ ကူဝိတ်နိုင်ငံကို အုပ်ချုပ်လာခဲ့သော စော်ဘွားမျိုးဆက်၏ ၁၃ဆက်မြောက် စော်ဘွားတစ်ဦးဖြစ်သည်။

ကူဝိတ်နိုင်ငံသည် အိုပက်၏မူလအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ရေနံပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နှစ်နိုင်ငံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အင်ဒိုနီးရှားနှင့်မလေးရှားတို့ ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနှင့်မလေးရှားနှစ်နိုင်ငံတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်နှင့် အခြေခံအဆောက်အအုံလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်း၊ရေနံနှင့်သဘာဝဓာတ်ငွေ့ အပါအဝင် စွမ်းအင် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားကြရေးကို နှစ်နိုင်ငံအစိုးရတို့က သဘောတူညီခဲ့ကြသည်။

ထိုသို့သဘောတူညီမှုကို အင်ဒိုနီးရှားနိုင်ငံ ဘူကစ်တန်ဂီမြို့တွင် အင်ဒိုနီးရှားနှင့် မလေးရှားတို့၏ ထိပ်သီးအစည်းအဝေး၌ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်ဟု အင်တာရာသတင်းဌာနက ဇန်နဝါရီ ၁၃ရက်၌ ဖော်ပြသည်။

နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ရေးထိုးပွဲသို့ အင်ဒိုနီးရှားသမ္မတ ဆူဆီလို ဘန်ဘန်းယူဒိုယိုနိုနှင့် မလေးရှား ဝန်ကြီးချုပ် အာမက်ဘာဒါဝီတို့တက်ရောက်ကြပြီး မလေးရှားနှင့်အင်ဒိုနီးရှား စီးပွားရေးကောင်စီ(အမ်အိုင်ဘီစီ)ဥက္ကဋ္ဌ အဗ္ဗဒူလာအာမက်နှင့် အင်ဒိုနီးရှားနှင့် မလေးရှား စီးပွားရေး ကောင်စီဥက္ကဋ္ဌ တန်ရီအဘန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

နှစ်ဦးနှစ်ဖက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သဘောတူညီချက်တွင် ပါရှိသည်။

လောလောဆယ်၌ မလေးရှားနိုင်ငံမှ ကုမ္ပဏီငါးခုသည် အင်ဒိုနီးရှားနိုင်ငံ လမ်းစီမံကိန်းခြောက်ခုတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ဒသမ ၃၄၅ဘီလီယံမြှုပ်နှံကာ မော်တော်ယာဉ်လမ်း စီမံကိန်းခြောက်ခုတွင် လုပ်ကိုင်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ပျက်ကျခဲ့သော ရဟတ်ယာဉ် အပျက်အစီး အစိတ်အပိုင်းများကို အမေရိကန်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၃ ရက်က ရှင်းလင်းဖယ်ရှားနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ဖူးမြော် ကမ္ဘောဇသာဒီနန်းတော်ရာနှင့် အင်းတကော် စက်မှုနယ်မြေ လေ့လာ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့) နံနက်ပိုင်းတွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်နှင့် ရွှေအောင်ရွေး ရွှေမော်ဓောငယ်စေတီတော် ဆံတော်ရှင်တို့အား ဖူးမြော်ကြည်ညိုကြပြီး ကမ္ဘောဇသာဒီနန်းတော်ရာနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ အင်းတကော် စက်မှုနယ်မြေရှိ စီမံကိန်းစက်ရုံများကို သွားရောက် ကြည့်ရှုလေ့လာကြသည်။ (အောက်ယာပုံ)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား စေတီတော်မြောက်ဘက်တန်ဆောင်း၌ အလှည့်ကျဂေါပက ဦးသက်နိုင်က အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘက်စုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စေတီတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ၆၂၀၅၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့ နန်းတော်ရာအရပ်ရှိ ရွှေအောင်ရွေးကျောင်းတိုက်သို့ရောက်ရှိကြပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာဇောတအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေအောင်ရွေး ရွှေမော်ဓောငယ်စေတီတော် ဆံတော်ရှင်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မွမ်းမံပြုပြင်ရေးအတွက် အလှူငွေ ၁၃၀၀၀၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ စေတီတော်ပြန်လည်တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလှရီနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေအောင်ရွေး ရွှေမော်ဓောငယ်စေတီတော် ဆံတော်ရှင် ပြန်လည်မွမ်းမံပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ကမ္ဘောဇသာဒီနန်းတော်ရာသို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်ခင်က ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီနေပြည်တော်ပန္နက်ပုံနှင့် ကမ္ဘောဇသာဒီ ရွှေနန်းတော် တည်ဆောက်မှုအဆင့်ဆင့်တို့ကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ကမ္ဘောဇသာဒီ နန်းတော်ရာအတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအနီး ရန်ကုန်-ပဲခူးကားလမ်းမကြီး၏ မြောက်ဘက်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိကြသည်။

စီမံကိန်းချမှတ်ဆောင်ရွက်

ရှေးဦးစွာ စက်မှုနယ်မြေ ရှင်းလင်းဆောင်၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဆင့်သို့ ရောက်ရှိစေရန် ၁၉၉၈ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်၍ ဝန်ကြီးဌာနကို ဖွဲ့စည်းပုံအသစ်ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတွင် ၁၉၈၈ ခုနှစ်မတိုင်မီက စက်ရုံ ကိုးရုံသာရှိခဲ့ရာမှ ယခုအခါ ဝန်ကြီးဌာနအနေဖြင့် တောင်ဒဂုံ စက်မှုနယ်မြေ၊ အင်းတကော် စက်မှုနယ်မြေ၊ သာဂရ စက်မှုနယ်မြေနှင့် ပခုက္ကူ စက်မှုနယ်မြေများ သီးခြားတည်ထောင်၍ စက်ရုံ၊ အလုပ်ရုံ ၂၀ ရုံကို စီမံကိန်းချမှတ်ဆောင်ရွက်ကာ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊

ယခု ညီလာခံကိုယ်စားလှယ်များ ရောက်ရှိနေသော အင်းတကော် စက်မှုနယ်မြေတွင်လည်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအပါအဝင် စက်မှုလုပ်ငန်းနှင့် လယ်ယာသုံးစက်မှုလုပ်ငန်းများ ထုတ်လုပ်ရေးအတွက် စက်ရုံ ၁၁ ရုံကို တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပဏာမ ပြောကြားပြီး အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်က အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေဖြင့် စက်ရုံတစ်ခုချင်းစီကို အသေးစိတ်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အင်းတကော် စက်မှုနယ်မြေရှိ တည်ဆောက်ပြီးစီးသွားသော စက်ရုံများမှ စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့် လယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် အင်းတကော် စက်မှုနယ်မြေမှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

သွေးကပြောသော သစ္စာတရား

* သမိုင်းတစ်ခေတ်၊ နိုင်ငံသစ်ဆီ
ဦးတည်မျှော်မှန်း၊ လမ်းစဉ်ခုနစ်ရပ်
ချမှတ်ခင်းကျင်း၊ အရုဏ်လင်းပြီ
တိုင်းရင်းသားတွေ၊ အင်အားစည်းရုံး
နိုင်ငံလုံးမှ၊ တက်ကြွထောက်ခံ
ကြွေးကြော်သံတွေ၊ မိုးယံမြေအဝန်း
ပဲ့တင်လွှမ်းခဲ့။

* **“ဒို့လမ်းဒို့ဖောက်၊ ဒို့ဆောက်သည့်တံတား
ဒို့ဖြတ်သွားသည်၊ ဟန့်တားနှောင့်ယှက်
အဖျက်အဆီး၊ မည်မျှကြီးစေ
တွေ့ရလေလည်း၊ ဒို့တစ်တွေက
မမှုကြဘဲ၊ ရဲရဲရင်ဆိုင်
အနိုင်မခံ၊ အလံမလှဲ
အောင်ပွဲရယူ၊ အောင်လံထူလျက်
ခရီးဆက်၍၊ ထက်မြက်နိုးကြား
အမျိုးသားရေး၊ သမိုင်းပေးတာဝန်
ကျေပွန်ကြမည်”၊** တိုင်တည်ဟစ်ကြွေး
သွေးကသစ္စာ၊ ဆိုခဲ့သည်။ ။

(နိုင်ငံအဝန်းကျင်းပလျက်ရှိသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများကို ဂုဏ်ပြုလျက်-)

ကေတုနီလာ

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ပန်းပွင့်ပြီး နှစ်လသုံးလတွင် အသီး စတင်ရင့်မှည့်ပါသည်။ ပျိုးထောင်စိုက်ပျိုးပါက ၆x၄လက်မအရွယ် ပျိုးအိတ်များကို အသုံးပြုပါ။ မြေသားလေးဆနှင့် သဘာဝမြေဆွေးတစ်ဆ ရောစပ်ထားသော စပ်မြေကို ပျိုးအိတ်များတွင်ထည့်ပါ။ ပျိုးအိတ်တစ်အိတ်လျှင် တစ်ညရေစိမ်ထားသော မျိုးစေ့ နှစ်စေ့ထည့်ပါ။ မျိုးစေ့များကို နှစ်လက်မအနက် ထားပါ။ ပျိုးထောင်ပြီး နှစ်လသုံးလသား အရွယ်တွင် ပြောင်းရွှေ့စိုက်ပျိုးပါ။ စိုက်ခင်းတွင် ပင်ခြား၊ တန်းခြား ၆x၆ပေခွာ၍ တစ်ကျင်းလျှင် တစ်ပင် ရွှေ့ပြောင်းစိုက်ပျိုးပါ။ မိုးဦးကျတွင် ပြောင်းရွှေ့စိုက်ပျိုးပါ၊ ခြံစည်းရိုးကြက်ဆူကို အပင်တစ်ရှူးမွေးမြူရေး နည်းလမ်းဖြင့်လည်း ပွားများနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူသည် ရေဝပ်ခြင်းကို မကြိုက်ပါ။ ရေများစွာမလိုအပ်သော်လည်း ခြောက်သွေ့ချိန်တွင် တစ်လလျှင် ရေတစ်ကြိမ် နှစ်ကြိမ်ပေးပါ။ ရေပေးသွင်းပြီး စိုက်ပါက တစ်နှစ်လုံး ပန်းပွင့်၍ အသီးသီးနိုင်ပါသည်။ ရေပေးရာတွင် လွန်ကဲစွာပေးမိပါက သေသည်အထိ ဖြစ်နိုင်ပါသည်။ အသီးထွက်နှုန်းပိုမိုစေရန် စိုက်ကျင်း တစ်ကျင်းလျှင် နွားချေး၊ ကြက်ဆူ ကြိတ်ဖတ် စသည့်သဘာဝမြေဩဇာ ၂၅ကျပ်သားကို အောက်မြေနှင့်ရော၍ ထည့်ပြီး အပေါ်ယံမြေနှင့်ယူရီးယား ၁ဒသမ ၂၅ကျပ်သား၊ တီစူပါ ၂ဒသမ ၅ကျပ်သား၊ ပိုတက် တစ်ကျပ်သား ရောထည့်ပေးပါ။ ပေါင်းမြက်များကို ရှင်းလင်းအောင် ဆောင်ရွက်ပေးရပါမည်။ အပင်သက်တမ်း သုံးလလေးလသား အတွင်းတွင် အပင်အမြင့် ၁ဒသမ၅ပေခန့်မှ ခေါင်နှိမ်ကိုင်းဖြတ်ပေးရပါမည်။ ခေါင်နှိမ်ပေးမှသာ ရှစ်ကိုင်းမှ ၁၂ ကိုင်းခန့် ထွက်လာနိုင်ပါသည်။ အပင်အမြင့် ခြောက်ပေသာ ရှိသင့်ပါသည်။

သီးညှပ်အဖြစ် ခြံစည်းရိုးကြက်ဆူနှင့် ချင်း၊ နနွင်း၊ နာနတ်စသည့် အရိပ်ကြိုက်သည့်အပင်များ၊ ပဲအမျိုးမျိုး၊ ပိုးစာပင်၊ နာနတ်လျှော်၊ သစ်တော်ပင်များနှင့် စိုက်နိုင်ပါသည်။ သို့သော် ပီလောပီနံတွင် ကျရောက်တတ်သော ရောဂါတစ်မျိုးမျိုး၏ လက်ခံပင်ဖြစ်သည့်အတွက် တွဲဖက်၍ မစိုက်သင့်ပါ။

ပိုးမွှားအနေဖြင့် ပိုးနသန်၊ ကျိုင်းပိုး၊ ပျပိုး၊ စုပ်စားပိုးများကျရောက်တတ်ပြီး ရောဂါအနေဖြင့် ပင်ညှိုးရောဂါနှင့် ရွက်ပြောက်ရောဂါများ ကျရောက်တတ်ပါသည်။ ပိုးမွှားအတွက် စိမ့်ဝင်သတ္တိရှိသော ဆေးများ၊ စားသေသတ္တိဆေးများနှင့် ကာကွယ်နိုင်ပြီး ရောဂါနှင့်ပတ်သက်၍ မှိုရောဂါ သတ်ဆေးများဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူကို ကိုင်းဖြတ်စိုက်ပျိုးလျှင် ခြောက်လမှ ရှစ်လ အတွင်း၊ အစေ့ဖြင့်စိုက်ပျိုးလျှင် ရှစ်လမှ ၁၀ လ အတွင်း အသီးစတင်သီးပါသည်။ ပန်းပွင့်ပြီး သုံးလအကြာတွင် အသီးများရင့်မှည့်ပါသည်။ အစေ့အထွက်နှုန်းမှာ အပင်ငယ်စဉ် နှစ်နှစ်မှ ငါးနှစ်သားအတွင်း တစ်ပင်လျှင် နွေသီးနို့ဆီဘူး နှစ်ဘူးကို မေလတွင်လည်းကောင်း၊ မိုးသီးတစ်ပြည်ကို ဒီဇင်ဘာလတွင်လည်းကောင်း ခူးဆွတ်ရရှိသဖြင့် တစ်ဧကလျှင် အစေ့ထွက် ၉၃တင်း(၁ဒသမ ၅တန်) ထွက်ရှိပြီး ခြောက်နှစ်သားမှစတင်၍ နွေသီး နို့ဆီဘူး သုံးဘူးနှင့် မိုးသီးနို့ဆီဘူး ၁၁ဘူးထွက်ရှိသဖြင့် တစ်ဧကလျှင် အစေ့နှစ်တန်ထွက်ရှိနိုင်ပါသည်။

ကြက်ဆူစေ့တွင် ဆီပါဝင်မှု ၃၈ ရာခိုင်နှုန်းဖြစ်ပါသည်။ အစေ့တစ်တင်းကို ဆီကြိတ်ပါက နွေသီးမှာ၁ဒသမ၅ပိဿာနှင့် မိုးသီးမှာ နှစ်ပိဿာထွက်ပါသည်။ အပင်ငယ်စဉ်တွင် နှစ်နှစ်သားမှ ငါးနှစ်သားအထိ တစ်ဧကလျှင်ဆီ ၁၇၈ပိဿာ ၇၄ဂါလန်နှင့် ကြိတ်ဖတ် ၄၆၅ပိဿာ ထွက်ရှိပြီး ခြောက်နှစ်သားမှစတင်၍ တစ်ဧကလျှင် ဆီ ၂၄၈ပိဿာ ဂါလန် ၁၀၀ နှင့် ကြိတ်ဖတ် ၆၅၅ ပိဿာ ထွက်ရှိပါသည်။

ကြက်ဆူစေ့တစ်တင်းကြိတ်ပါက ကြိတ်ဖတ်ငါးပိဿာထွက်ရှိသဖြင့် တစ်ဧကအထွက် ၁၃၁ တင်းမှာ ကြိတ်ဖတ် ၆၅၅ ပိဿာထွက်ရှိပါသည်။ ကြိတ်ဖတ်တွင် အပင်လိုအပ်သော အာဟာရဓာတ်များဖြစ်သည့် နိုက်ထရိုဂျင်ဓာတ် ၄ဒသမ ၄ရာခိုင်နှုန်း၊ ဖော့စဖရပ်ဓာတ် ၂ဒသမ ၁ရာခိုင်နှုန်းနှင့် ပိုတက် ၁ဒသမ၇ရာခိုင်နှုန်းပါဝင်သဖြင့် အခြားသဘာဝမြေဩဇာများဖြစ်သော နွားချေး၊ ကြက်ချေး၊ သစ်ဆွေးမြေဩဇာများကဲ့သို့ သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ပါသည်။

အဓိကလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီ (Bio Diesel) ထုတ်ယူရာတွင် ကျေးရွာများတွင်ရှိသော လက်လှည့်ဖိစက်၊ ဟိုက်ဒရောလစ်ဖိစက်နှင့် လွန်သွားဖြင့်ကြိတ်၍ ထုတ်ယူသည့်နည်းများဖြင့် ထုတ်ယူနိုင်ပါသည်။ ကြက်ဆူဆီကို အနည်အနှစ်များ ပြောင်စင်အောင် အဝတ်ပိတ်စဖြင့် စစ်ပြီးလျှင် ပစ်စတင်တစ်လုံးထိုးအင်ဂျင်များတွင် လောင်စာဆီအဖြစ် မပြုပြင်ဘဲ တိုက်ရိုက်အသုံးပြုနိုင်ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ခြံစည်းရိုး ကြက်ဆူဆီဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက်မှ ထွန်စက်ကြီးများအထိ စမ်းသပ် သုံးစွဲမောင်းနှင်ရာ အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူဆီများကို လက်တွန်းထွန်စက်၊ ထွန်စက်ကြီးများတွင် မောင်းနှင်နိုင်ရုံသာမကဘဲ ကျေးရွာများတွင် မီးလင်းရေးအတွက် အသုံးပြုသည့်ဒီဇယ်အင်ဂျင်များတွင် ထည့်သွင်းမောင်းနှင်ခြင်းဖြင့် ကျေးရွာများတွင် မိမိဒေသမှ ထွက်ရှိသော လောင်စာဆီများဖြင့် ကျေးရွာများ မီးလင်းနိုင်တော့မည်ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ညောင်ဦးသို့လာရောက်စဉ်က လက်တွန်းထွန်စက်များ၌ ခြံစည်းရိုးကြက်ဆူဆီထည့်၍ မောင်းနှင်စမ်းသပ်ပြရာ ခြံစည်းရိုးကြက်ဆူဆီသည် အခြားရေနံထွက်ပစ္စည်းမှ ဒီဇယ်ဆီကဲ့သို့ ပြုပြင်စရာမလိုဘဲ တိုက်ရိုက် ထည့်သွင်းသုံးစွဲနိုင်သဖြင့် ခြံစည်းရိုးကြက်ဆူများ တိုးချဲ့စိုက်ပျိုးပြီး ကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၌ တွင်ကျယ်စွာ အသုံးပြုရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာတွင် အပင် ၅၀စိုက်ပျိုးပါက တစ်နှစ်လျှင် ဘိုင်အိုဒီဇယ် လေးဂါလန်ရရှိမည်ဖြစ်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျရမည့် ဒီဇယ်ဆီကို ကျပ် ၈၀၀၀ခန့် သက်သာမည်ဖြစ်ပါသည်။

စိုက်ပျိုးသူများအနေဖြင့် တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ် ၄၀၀၀၀ခန့် ကုန်ကျနိုင်မည် ဖြစ်သော်လည်း မိသားစုလုပ်အားဖြင့် ထည့်သွင်းဆောင်ရွက်မည်ဆိုပါက ယင်းကုန်ကျစရိတ်သက်သာနိုင်မည်ဖြစ်ပါသည်။ စိုက်ခင်းများမှ ဘိုင်အိုဒီဇယ်များ တတိယနှစ်တွင် ဂါလန် ၇၀ ထွက်ရှိပြီး ဝင်ငွေ ကျပ် ၁၄၀၀၀၀ရရှိမည်ဖြစ်သည့်အတွက် တောင်သူများအကျိုးရှိမည့် သီးနှံတစ်ခု ဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းဖြင့် ဇီဝလောင်စာဆီရရှိခြင်း၊ စိုက်ပျိုးခင်းများအတွက် အရွက်နှင့် ကြိတ်ဖတ်များမှ သဘာဝမြေဩဇာရရှိခြင်း၊ ခြံစည်းရိုးအဖြစ် အကာအရံများဖြစ်ခြင်းတို့အပြင် နွေရာသီတွင် မလိုအပ်သည့် အကိုင်းများဖြတ်ပြီး ခြောက်သွေ့အောင်ထား၍ ထင်းအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ထို့အပြင် ဆေးဖက်ဝင်အပင်အဖြစ်လည်း အသုံးပြုနိုင်ပါသည်။ အဆီကို ဝမ်းနုတ်ဆေးအဖြစ်လည်းကောင်း၊ ကိုယ်အရေပြား၌လိမ်းပေးလျှင် အရေပြားရောဂါများနှင့် ကြွက်သားနာကျင်ကိုက်ခဲမှုများကို ကုသနိုင်ပါသည်။ အပင်မှ ရိုးတံအနုများကို သွားတိုက်တံအဖြစ်အသုံးပြုပါက သွားဖုံးများ ခိုင်မာစေပြီး သွားနာ သွားကိုက်ရောဂါများ ပျောက်ကင်းစေပါသည်။ အရွက်ကိုညှစ်၍ ရသော အရည်ကို လိပ်ခေါင်းရောဂါ လိမ်းဆေးအဖြစ်လည်းကောင်း၊ မုက္ခရုနာ လိမ်းဆေးအဖြစ် လည်းကောင်း၊ ဝဲနာ ယားနာများကို လည်းကောင်း လိမ်းပေးနိုင်ပါသည်။ အရွက်နှင့် အမြစ်တို့မှ ထုတ်ယူသောအရည်ဖြင့် ဝမ်းလျှောရောဂါကုသနိုင်ပါသည်။

အမြစ်မှ ထုတ်ယူသောအရည်မှာ မြွေဆိပ်ဖြေဆေးအဖြစ် သုံးစွဲနိုင်ပါသည်။ သီးနှံပိုးမွှားကာကွယ်ဆေး အဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ခြံစည်းရိုးကြက်ဆူသည် လူတို့တွင် အဓိကလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးတို့အတွက် တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်သော နည်းလမ်းဖြင့် အကျိုးကျေးဇူးများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် အကျိုးများအောင် ဆက်လက်၍ အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့ဟု အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသတည်း။ ။

အမျိုးသားညီလာခံကြီးသည် အခြေခံရမည့်မူများ ညှိနှိုင်းဆွေးနွေးချမှတ်နေသည့် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားနိုင်ငံရေးလုပ်ရှားဆောင်ရွက်မှုကြီးဖြစ်

မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးကိုရှေးရှုပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဦးတည်ချက်ရှိရှိ၊ ရည်မှန်းချက်ရှိရှိဖြင့် အနှစ်သာရအဓိပ္ပာယ်ပြည့်စုံကောင်းမွန်စွာ အကောင်အထည်ဖော်ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ပိုမိုကျယ်ပြန့်စွာ

မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ရသော အမျိုးသားညီလာခံကြီးကို လူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံပါဝင်သော အစုအဖွဲ့ရှစ်ဖွဲ့တို့က ကိုယ်စားလှယ်ပေါင်း၁၀၀၀ကျော်ဖြင့် ဦးတည်ချက်(၆)ရပ်နှင့်အညီ ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဆက်လက်ကျင်းပလျက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်ပါမှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မည်ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ယနေ့အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးကြီးလှသည့် အခြေခံဥပဒေသစ်ကြီးပေါ်ထွန်းလာစေရေးအတွက် ကိုယ်စားလှယ်များ စုံစုံညီညီ ပွင့်ပွင့်လင်းလင်း အားရပါးရဆွေးနွေးအကြံပြု ရေးဆွဲလျက်ရှိကြောင်း၊ မကြာမီ မဝေးတော့သည့်အနာဂတ်တွင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးအတွက် အလွန်တန်ဖိုးရှိပြီး ကမ္ဘာ့နိုင်ငံများကပင် အတုယူရလောက်အောင် ပြည့်စုံကောင်းမွန်သည့် အခြေခံဥပဒေသစ်ကြီး ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း။

တစ်စိတ်တစ်ဝမ်းတည်း

ဤအခြေခံဥပဒေသစ်ကြီးပေါ်ထွန်းလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဆက်လက်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါသည် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်းလက်တွဲထူထောင်သွားရမည့် အချိန်အခါကောင်းပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံ၌ ပြည်နယ်နှင့်တိုင်းအသီးသီးက လူထုလူတန်းစားအလွှာစုံတက်ရောက်ပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းကိုယ်စားလှယ် ၁၀၀၀ ကျော်ထဲတွင် မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)က ကိုယ်စားလှယ်များလည်း တက်ရောက်ဆွေးနွေးလျက်ရှိကြကြောင်း၊ ၎င်းကိုယ်စားလှယ်များသည် မိမိတို့ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများကို မိမိတို့၏ကိုယ်စား ဆွေးနွေးတင်ပြနေခြင်းဖြစ်ကြောင်း၊ မိမိတို့ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားများ၏သဘောထားများသည် ညီလာခံကိုယ်စားလှယ်များ၏သဘောထားနှင့် တစ်ထပ်တည်းဖြစ်ပါကြောင်း၊ ညီလာခံကိုယ်စားလှယ်များ၏ဆွေးနွေးချက်သဘောထားများသည် မိမိတို့ တိုင်းရင်းသားများ၏ သဘောထားများပင်ဖြစ်၍ မိမိတို့တစ်တွေ တစ်ချိန်တည်း တညီတညွတ်တည်းစုဝေးပြီး မိမိတို့၏စိတ်ဓာတ်နှင့် သဘောထားများကို ဖော်ပြခြင်းပင်ဖြစ်ကြောင်း။



အမှာစကားပြောကြား

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ဦးဆောင်ချီတက်၍ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းသို့ ဝင်ရောက်နေရာယူကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာစိုင်းခမ်းလှိုင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းလှမောင်၊ စီးပွားရေးလုပ်ငန်းရှင် ဒေါ်နန်းအုန်းခင်၊ အင်းသားတိုင်းရင်းသားကိုယ်စားလှယ် ဦးသန်းမောင်ချို၊ ဓနုတိုင်းရင်းသားကိုယ်စားလှယ် ဦးအောင်ပွေး၊ အငြိမ်းစားဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်အေးကြည်စိန်နှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခွန်ဝင်းကိုတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝါဝါထွေးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမိုးနန္ဒာကြည်က ဆောင်ရွက်သည်။

နိုင်ငံတော်အလံအလေးပြု

အစီအစဉ်အရ အခမ်းအနားမှူးက လူထုအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ရှေးဦးစွာ သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာသော သမိုင်းကြောင်းတစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ကြွားထည်ဝါစွာ ရပ်တည်နေထိုင်လာခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် သာယာဖြောင့်ဖြူးခြင်းမရှိဘဲ တိုင်းရင်းသားများ စည်းလုံးညီညွတ်သောအချိန်တွင် နိုင်ငံတော်အနေဖြင့် ခိုင်မာစွာ ရပ်တည်နိုင်သော်လည်း တိုင်းရင်းသားများ စည်းလုံးညီညွတ်မှု ပြိုကွဲချိန်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မှုမရှိဘဲ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းလာခဲ့ရသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံရေးအောင်ပွဲကြီး

လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးမြောက်မြားစွာ စတေးပေးဆပ်ပြီး နိုင်ငံရေးအောင်ပွဲကြီး ရရှိရန်အတွက် ကြိုးပမ်းခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အချင်းချင်းစည်းလုံးညီညွတ်မှုမရှိ **“ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ”** များကြောင့် ပုန်ကန်မှုများ၊ အရေးအခင်းများ၊ ဆူပူအုံကြွမှုများ၊ တောင်းပွဲတိုက်ပွဲများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးလမ်းကြောင်းများမှ သွေဖည်ကာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း လက်နက်ကိုင်တိုက်ခိုက်ခဲ့ရပြီး တစ်နိုင်ငံလုံးလည်း အေးချမ်းစွာမနေရသည့်ဒဏ်ကို ပြည်သူလူထုတို့ နှစ်ပေါင်းလေးဆယ်ကျော် ခါးစည်းခံခဲ့ရကြောင်း၊ ဤသို့ ခါးစည်းခံခဲ့ရမှုကို မိမိအပါအဝင် နိုင်ငံ့ဝန်ထမ်းအများစုလည်း တွေ့ကြုံခဲ့ကြောင်း၊ မိမိတို့ ခါးသီးလှသည့် သမိုင်းအမွေဆိုးများအပေါ် သင်ခန်းစာယူပြီး နိုင်ငံတော်က ယနေ့အချိန်အခါတွင် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီးအတွင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝါဝါထွေးနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် တောင်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမိုးနန္ဒာကြည်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ယနေ့အမျိုးသားညီလာခံကြီးသည် အတော်ကိုခရီးရောက်လျက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး မည်မျှအရေးကြီးသနည်း၊ အဘယ့်ကြောင့် အရေးကြီးသနည်းဆိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ(Priciple)အနှစ်သာရများကို ညှိနှိုင်းဆွေးနွေးချမှတ်နေသည့် ကျယ်ပြန့်နက်ရှိုင်းသော အမျိုးသားနိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုကြီးဖြစ်ခြင်းကြောင့်ပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးအောင်မြင်မှ အခြေခံဥပဒေရေးဆွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေဖြစ်ပေါ်လာမှ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း။

အခြေခံလိုအပ်ချက်သုံးချက်

ထို့အပြင် ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိဖြင့် မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်အတွက် အကြမ်းဖျဉ်းအားဖြင့် အခြေခံလိုအပ်ချက် သုံးချက်ရှိမည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း၊ပထမအချက်သည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ရရှိရမှာဖြစ်ကြောင်း၊ ဒုတိယအချက်သည် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ကြောင်း၊ တတိယအချက်သည် ဒီမိုကရေစီစနစ်ကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူလူထု၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှု မြင့်မားစွာရှိနေရန် လိုအပ်ကြောင်း၊ ထိုလိုအပ်ချက်သုံးရပ်ကို ရာနှုန်းပြည့်နီးပါး ပြည့်စုံအောင် နိုင်ငံတော်အစိုးရက တည်ဆောက် ဖော်ဆောင်ပေးနေကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မှန်ကန်သည့် အမျိုးသားနိုင်ငံရေးလမ်းစဉ်နှင့်အညီ ပြည်သူများ၏ဆင်ခြင်တုံတရားနှင့်အသိဉာဏ်ရင့်ကျက်မှု၊ လောကပါလတရားများစောင့်ထိန်းနိုင်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့်သာ တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံကို ထူထောင်သည့်နေရာတွင် ဖွဲ့စည်းပုံဖြင့် ခိုင်ခိုင်မာမာတည်ထောင်မှ ခိုင်မာသော ဒီမိုကရေစီနိုင်ငံ ဖြစ်မည်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံခိုင်ခိုင်မာမာတည်ဆောက်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကြီးသည် ပထမအဆင့်အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင် မြင်ပြီးစီးပါက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း။

မကြာမီထွက်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံအနှစ်သာရရှိပြီး ခေတ်မီသောဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နိုင်သည်ဆိုသည်ကို လေ့လာကြည့်လျှင်သိနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အသင့်တော်ဆုံးအခြေခံဥပဒေထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုကြခြင်းပင်ဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရှိ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ၏နိုင်ငံသားများသည် ကိုယ်ပိုင်အမျိုးသားရေးခံယူချက်၊ ကိုယ်ပိုင်အမျိုးသားနိုင်ငံရေးလမ်းကြောင်း ခိုင်ခိုင်မာမာရှိပြီးသားဖြစ်ကြောင်း။

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် အတိတ်သမိုင်းကြောင်းမှ အတွေ့အကြုံကိုသင်ခန်းစာယူပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် ဦးတည်ကျင်းပနေခြင်းဖြစ်ကြောင်း။ *စာမျက်နှာ ၇ ကော်လံ ၁*

စာမျက်နှာ ၆ မှ

အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူပြီး ညီညီညွတ်ညွတ်ဖြင့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ချီတက်ရန် အချိန်ဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်သို့ တက်ညီလက်ညီ လှမ်းတက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီးအောင်မြင်ရေးမှသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့က လက်တွဲညီညီဝိုင်းဝန်းပြီး အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်တည်ဆောက်ကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

အခြေခံအုတ်မြစ်ကောင်းများ

ထို့နောက် လှိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးခွန်ဒီဂေါက အမျိုးသားညီလာခံအားကြိုဆိုထောက်ခံကြောင်း အဆိုကိုတင်သွင်းရာတွင် နိုင်ငံတော်က တစ်မျိုးသားလုံးအပေါ်၌ ထားရှိသည့် စေတနာသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဖြစ်ပြီး ဤရည်မှန်းချက်အောင်မြင်စေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ တပ်မတော်အစိုးရ၏ ၁၇နှစ်တာ ကာလအတွင်း၌ မနားမနေကြိုးပမ်းအားထုတ်ဆောင်ရွက်လာခဲ့မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ဆိုသည်မှာ အထင်အရှားဖြစ်ကြောင်း။

မရှိမဖြစ်လိုအပ်သောအရာ

အနာဂတ် ပြည်ထောင်စုနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်ရေးသည် နိုင်ငံတော်နှင့် ပြည်ထောင်စုကြီးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း၊ ယခု အခြေခံဥပဒေ၌ အားနည်းချက်၊ အဖျက်မျိုးစေ့မပါအောင် အချိန်ယူပြီး စိစစ်ဝေဖန်သုံးသပ်ကာ အသေးစိတ်အခြေခံရမည့်မူများကို အလေးအနက် ချမှတ်လျက်ရှိသည်ဟု ထင်မြင်ယူဆနိုင်ကြောင်း။

ယနေ့ဆိုလျှင် အမျိုးသားညီလာခံကြီးသည် ၇၀ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိသည့်အပြင် အမျိုးသားညီလာခံကြီးအောင်မြင်ပါမှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အခြားနည်းလမ်းမရှိသည်ကိုလည်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်–

- **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ကိုက်ညီသင့်လျော်မည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိတို့ တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီညီ ချီတက်ကြပါစို့၊**
- **နိုင်ငံတော်၏အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်တည်ဆောက်ကြပါစို့၊**
- **အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများအားလုံး လက်တွဲညီညီ ကြိုဆိုထောက်ခံကြပါစို့**

ဟု ပြောကြားရင်း မိမိ၏အမျိုးသားညီလာခံ အောင်မြင်ရေးအဆိုကို လှိုက်လှိုက်လှဲလှဲ တင်သွင်းအပ်ပါကြောင်း တင်သွင်းသွားသည်။

စီးပွားရေး၌လည်း ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အုပ်ချုပ်ရေးအကြီးအကဲအဖြစ် နိုင်ငံတော်၏ အထွတ်အထိပ်နေရာ၌ ရှိမည်ဖြစ်ကြောင်းတို့ကို သုံးသပ်လေ့လာတွေ့ရှိရကြောင်း။

ထို့အပြင် **မိမိတို့မဲဆန္ဒရှင်ပြည်သူများ၏ မူလအခွင့်အရေးအရ နိုင်ငံတော်သစ်၌ပေါ်ထွန်းလာမည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကိုလည်း လူတော်၊လူကောင်းများကိုရွေးချယ်စေလွှတ်ပေးနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းထားသည်ကိုလည်း လေ့လာတွေ့ရှိရကြောင်း။**

အခြေခံမူများချမှတ်

အထူးသဖြင့် မိမိတို့တိုင်းရင်းသား၊ နိုင်ငံသားများအတွက် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးတာဝန်နှင့် စပ်လျဉ်းသည့် အခြေခံမူများ ပါရှိမည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အလုပ်သမား၊ တောင်သူလယ်သမား၊ လူငယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများ အကျိုးကိုလည်း ရှေးရှုပြီး အခြေခံမူများချမှတ်ထားကြောင်း။

နိုင်ငံသူနိုင်ငံသားများ၏ အခြေခံအကျဆုံးဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့လည်း အခြေခံမူတွင်မလစ်ဟင်းရအောင် ထည့်သွင်းချမှတ်ထားကြောင်း၊ စိုက်ပျိုးရေးစက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်ကကူညီပံ့ပိုးပေးမည့်အကြောင်းပါရှိကြောင်း၊ ဘာသာရေး၊စီးပွားရေးများကိုလည်း ကျင့်သုံးမည့်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့သည် မိမိတို့တစ်တွေ မျှော်လင့်

လှိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်ဒီဂေါ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆) ပအိုးဝ်အမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်မြမောင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

မိုးနဲမြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်ဝင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရှမ်းပြည် အမျိုးသားတပ်မတော်(ခွဲထွက်)မှ ဦးစိုင်းထွန်းစိန်လှ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ကချမှတ်ထားသော နိုင်ငံရေးဦးတည်ချက်(၄)ရပ်၌ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး ဆိုသည်တို့ပါရှိကြောင်း။

ထို့ကြောင့် အခြေခံဥပဒေသစ်ရေးဆွဲနိုင်ရန်အတွက် ၁၉၉၀ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တရားမျှတစွာဖြင့် ကျင်းပပေးသကဲ့သို့ ၁၉၉၂ခုနှစ် အောက်တိုဘာလတွင် ညီလာခံကျင်းပရေးကော်မရှင်ကိုဖွဲ့စည်းပြီး ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့ကြောင်း။

အခြေခံမူ(၁၀၄)ချက်

အမျိုးသားညီလာခံကြီးက ယနေ့အထိဆောင်ရွက်ပြီးသည့်လုပ်ငန်းများကို ကြည့်လျှင် အခြေခံမူ(၁၀၄)ချက်ကို ပီပီပြင်ပြင်ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ကြောင်း။

ယနေ့အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆွေးနွေးချမှတ်ထားသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ အားလုံးကို ခြုံငုံလေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အလွန်အကျိုးရှိပြီး ပြည့်စုံစွာ စဉ်းစားဆွေးနွေးချမှတ်ထားသည့်အတွက်ကြောင့် မိမိတို့နိုင်ငံ၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရကို နှစ်ထောင်းအားရဖွယ် တွေ့မြင်နေရသည်ဟု ပြောကြားလိုကြောင်း။

ကောင်းမြတ်သောအချက်

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်များမှာ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ကောင်းမြတ်သောအချက် ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ဤအချက်သည် ဒို့တာဝန်အရေးသုံးပါးနှင့် အခြေခံဥပဒေကို ကာကွယ်ရန်အတွက် တာဝန်ယူလိုက်ခြင်းပင်ဖြစ်ကြောင်း။

တပ်မတော်သည် အမျိုးသားရေးအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ပြီး အမျိုးသား နိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် အစဉ်ခိုင်မာစွာ ရပ်တည်နေသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာအောင် ဆောင်ရွက်လျက်ရှိသည့်အတွက် အနာဂတ်တွင်လည်း အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးသည် မိမိတို့ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားနှင့် တစ်ထပ်တည်းဖြစ်သည်ဟု အလေးအနက် ပြောကြားလိုကြောင်း။

တပ်မတော်သည် တပ်မတော်၏ ဗီဇမူလကတည်းက ဒီမိုကရေစီကို ဦးစားပေးခဲ့ခြင်းဖြစ်သည်ဆိုသည်ကို ၁၉၄၅ခုနှစ် အမျိုးသားရေး ဦးတည်ချက်၌ လွတ်လပ်ရေးနှင့် ဒီမိုကရေစီအရေးကို ဦးတည်ခဲ့သည်ကို သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း။

အတိအလင်းထုတ်ပြန်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဥပဒေဘောင်အတွင်းဝင်ရောက်လာသော ရှမ်းပြည်အမျိုးသားတပ်မတော်(ခွဲထွက်)မှ ဦးစိုင်းထွန်းစိန်လှက ထောက်ခံဆွေးနွေးတင်ပြရာတွင် တပ်မတော်အစိုးရသည် နိုင်ငံတော်ကို မလွှဲမရှောင်သာ တာဝန်ယူခဲ့ပြီးနောက် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်တို့ကို နိုင်ငံတော်မူဝါဒများအဖြစ်ခံယူပြီး တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အတွက် အမျိုးသားနိုင်ငံရေးလုပ်ငန်းတာဝန်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အတိအလင်းထုတ်ပြန်ပြီး အောင်မြင်အောင်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ ပြည်ထောင်စုကြီးတွင် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးများသည် မြန်မာ့မြေပေါ်၌ ပေါက်ဖွားကြီးပြင်းလာကြပြီး အတူတကွနေထိုင်လာခဲ့ကြသည်ကို သမိုင်းမှာမော်ကွန်းတင်ထားပြီးဖြစ်ကြောင်း၊ နေထိုင်ရာဒေသ၊ ပြောဆိုသည့်ဘာသာစကား၊ ယဉ်ကျေးမှုများအရ ပြည်နယ်အခေါ်အဝေါ်၊ လူမျိုးအမည်များ ကွဲပြားခြားနားကြသော်လည်း ပြည်ထောင်စုကြီးအတွင်း၌ ခေတ်အဆက်ဆက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြခြင်းကြောင့် ပြည်ထောင်စုကြီး ရာသက်ပန်တည်တံ့ခိုင်မြဲနေစေရန် အထူးပင်အရေးကြီးကြောင်း၊ ပြည်ထောင်စုကြီးမပြိုကွဲအောင် တပ်မတော်အစိုးရက ချမှတ်လုပ်ဆောင်နေသော ဦးတည်ချက်(၁၂)ရပ်ကို မိမိတို့ပြည်သူများက အစွမ်းကုန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အဖွဲ့အစည်းသည် ၁၉၉၆ခုနှစ်တွင် ငြိမ်းချမ်းရေးရယူပြီး အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲလျက် ဒေသအတွင်း၌ လမ်း၊ တံတား၊ စာသင်ကျောင်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း။

အားကြိုးမာန်တက်ဆောင်ရွက်

ယခုကျင်းပသည့် အမျိုးသားညီလာခံကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ပေါက်လာစေရန် နိုင်ငံတစ်နိုင်ငံ၌ မရှိမဖြစ်သည့် ဥပဒေများ၏မိခင်ဟု တင်စားခေါ်ဆိုရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကြီး ပေါ်ထွန်းလာအောင် ညီလာခံကိုယ်စားလှယ်ကြီးများသည် နိုင်ငံတကာအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၌ ရှိခဲ့ဖူးသည့် အခြေခံဥပဒေများကို အဘက်ဘက်ကလေ့လာကြပြီး စိတ်ရှည်လက်ရှည်ဖြင့် စုပေါင်းဆွေးနွေးဆုံးဖြတ်ချက်များချကာ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြကြောင်း။

အခြေခံမူများထဲတွင် နိုင်ငံတော်ကို ပြည်ထောင်စုပုံစံဖြင့် ဖွဲ့စည်းတည်ဆောက်မည့်အကြောင်း၊ ပြည်ထောင်စု၏ နယ်မြေမှန်သမျှကို ပြည်ထောင်စုကြီးထဲက မည်သည့်အခါမှ ခွဲထွက်ခွင့်ပြုမည်မဟုတ်ကြောင်း၊ နိုင်ငံတော်၌ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဖြစ်သည့်အကြောင်း၊ တောင့်တပြီးဖြစ်စေချင်သည့်အချက်များအားလုံးပါဝင်၍ အထူးအားရဝမ်းသာ ထောက်ခံပါကြောင်းကို ပြောကြားလိုကြောင်း။

ကျင်းပဆဲ အမျိုးသားညီလာခံကြီးကို ကြည့်လိုက်လျှင် ကေသရာဇာခြင်္သေ့မင်း၏အဆီသည် သီဂီရွှေခွက်ဖြင့် တင့်တယ်နေသကဲ့သို့ အမျိုးသားညီလာခံကြီးသည်လည်း အနှစ်သာရရှိသော ဦးတည်ချက်များ၊ အခြေခံမူများဖြင့် ပေါင်းစပ်ကျင်းပနေခြင်းဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

အမျိုးသားညီလာခံကြီးအောင်အောင်မြင်မြင် ကျင်းပပြီးစီး၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးပေါ်လာမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ပြောဆိုကြံဆောင် လုပ်ကိုင်နေသည့် ကိစ္စမှန်သမျှကို ပြည်သူများအားလုံးသည် ပြည်သူ့စွမ်းအားစည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် တွန်းလှန်ဖယ်ရှားရမည်ဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် မိမိတို့ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံတော်နှင့်ပြည်သူများအတွက် အသက်တမျှအရေးကြီးသည့် အခြေခံဥပဒေကြီးပေါ်ပေါက်ရေးကို ဖော်ဆောင်နေသော အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို မိမိတို့ တိုင်းရင်းသားပြည်သူများက လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်းဖြင့်ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်မှ ဦးခွန်မြမောင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်ကို ပြန်လေ့လာကြည့်လိုက်သည့်အခါ ကိုယ့်မင်းကိုယ့်ချင်း ဘဝကနေ သူ့ကျွန်ဘဝရောက်ခဲ့ပြီးသည့်နောက် လွတ်လပ်သော နိုင်ငံတော်ကြီးပြန်ဖြစ်အောင်၊ တစ်နည်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံအတွက် အခြေခံအုတ်မြစ်ကောင်း ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ တပ်မတော်ပင်ဖြစ်ကြောင်း၊ တပ်မတော်နှင့် လွတ်လပ်ရေးသည် ခွဲခြားမရသကဲ့သို့ နောက်ပိုင်းသမိုင်းဖြစ်စဉ်များကို ကြည့်လိုက်ပြန်လျှင် နိုင်ငံတော်နှင့် တပ်မတော်သည် ခွဲခြား၍မရအောင်ကို ဆက်စပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း။

ခိုင်မာသောအခြေခံအုတ်မြစ်ချမှတ်

မြန်မာနိုင်ငံသမိုင်း၌ အရေးကြုံတိုင်း သစ္စာရှိရှိ တာဝန်သိသိဖြင့် အမျိုးသားရေးကို ရှေ့တန်းတင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သည် ဒီမိုကရေစီ နိုင်ငံတော်သစ်၌ အရေးကြုံမှ ဝင်ကူရမည့်အစား ပြည်သူလူထုနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁

တနင်္သာရီတိုင်းသည် သယံဇာတများပေါကြွယ်ဝ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများရှိ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ဝင်ငွေကောင်းရရှိမည့် ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းများစိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းလွင်ဦးအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများ၊ ဆီကြိမ်းစက်ရုံလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို အားပေးမှာကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂နာရီခွဲတွင် ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ဘုတ်ပြင်းမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေးကိစ္စများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဘုတ်ပြင်းမြို့၌ တယ်လီဖုန်းဆက်သွယ်မှု အဆင့်မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျွန်းများ၏ သဘာဝအရင်းအမြစ်၊ အလှအပများ မပျက်မစီး ရေရှည်တည်တံ့ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းက ဘုတ်ပြင်းမြို့နယ်အတွက် မီးသတ်ယာဉ်ရရှိရေး၊ သန္တေမီးသတ်ဖွဲ့စည်းထားရှိရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြည့်ဆည်းကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက တနင်္သာရီတိုင်း၏ ကမ်းနီးကမ်းဝေး ပင်လယ်ပြင်တို့၌ ငါးသတ္တဝါများ ပေါများမှုနှင့် ငါးမျိုးများ မျိုးသုဉ်းမပျက်စီးစေဘဲ ရေရှည်စားသုံးနိုင်ရေးအတွက် ငါးဖမ်းဆီးရာတွင် သတိပြုဆောင်ရွက်သင့်သည်များ၊ ဒေသကြက်မွေးမြူခြင်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သင့်သည်များ၊ ကြက်ငှက်တုပ်ကွေးရောဂါကို သတိပြုကာကွယ်သွားရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းသို့ ရောက်ရှိကြရာ ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော်သားများ၊ မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဗိုလ်မှူးချုပ်ဝင်းရှိန်က ဇာဒက်ကြီးကျွန်းနှင့် ပတ်ဝန်းကျင်အခြေအနေများကိုလည်းကောင်း၊ ရေမော်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားနှုတ်ဆက်ပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းလွင်ဦးအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဇာဒက်ကြီးကျွန်းရှိ ရေကင်းတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့သို့ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံမှာကြား

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီ ၁၄ရက် နံနက်၇နာရီခွဲတွင် ဘုတ်ပြင်းမြို့ တပ်နယ်အစည်းအဝေးခန်းမ၌ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် မိသားစုများကိုယ်စား ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်အား လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက်သည်။

လိုက်လံရှင်းလင်းပြသ

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟဲဒေသရှိ တောင်ဒဂုံဆီအုန်းကုမ္ပဏီ၏ တစ်နာရီ ၇ဒသမ၅ တန်ကျ ဆီကြိမ်းစက်ရုံသို့ရောက်ရှိကြပြီး ဆီကြိမ်းထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ ဒါရိုက်တာများနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆီသီးခိုင်နမူနာနှင့် ဆီကြိမ်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား တောင်ဒဂုံဆီအုန်းကုမ္ပဏီဒါရိုက်တာ ဦးမောင်မောင်လတ်က မိမိတို့ကုမ္ပဏီအနေဖြင့် ဘုတ်ပြင်းမြို့နယ်၌ ၁၉၉၉ခုနှစ်မှ စတင်၍ အီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆီအုန်းဧက ၇၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၆၄၂၉ဧက စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ လျာထားဧက အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ဆီသန့်စက်ရုံတည်ဆောက်လျက်ရှိ

ပြည်တွင်းပညာရှင်များဖြင့် တစ်နာရီ ၇ဒသမ ၅တန်ကျ ဆီကြိမ်းစက်ရုံကို တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် စက်စတင်စမ်းသပ်လည်ပတ်၍ ဆီကြိမ်းများ ထုတ်လုပ်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်း တောင်ဒဂုံ စက်မှုဇုန်၌ ဆီသန့်စက်ရုံကိုလည်း တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

16-1 (08).p65 2 3/26/1905, 5:07 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျော့သောင်းမြို့ ဓာဒက်ကြီးကျွန်းတွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စီမံကိန်းများချမှတ်

ယင်းနောက် ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးမှုတိုင်းတာတွက်ချက်သည့် အညွှန်းကိန်းဂဏန်းများ၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုတွင် တနင်္သာရီတိုင်း၏ ပါဝင်မှုအချိုးအစားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဘုတ်ပြင်းမြို့နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နေရမည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကိုချမှတ်ကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများ၊ ဝန်ကြီးများသည် အောက်ခြေအထိ မပြတ်ကွင်းဆင်းထိတွေ့၍ အားနည်းချက်များကိုပြုပြင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးတည်ချက်ရှိရှိ၊ ရည်မှန်းချက်ရှိရှိ ရှေ့ဆောင်ရှေ့ရွက်ပြု၍ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ လူနေမှုအဆင့်အတန်း ပြောင်းလဲမြင့်မားလာမှုများကို ကိုယ်တိုင်တွေ့ကြုံခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ လက်တွဲပူးပေါင်း ဆောင်ရွက်မှုများသည်လည်း အခြေခိုင်မာပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်လာနိုင်စေကြောင်း။

ယနေ့ မိမိတို့အားလုံး တွေ့ရှိခံစားနေကြရသည့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများသည် မည်သူ့အပေါ်မှ မှီခိုခြင်းမပြုဘဲ ကိုယ်စွမ်းကိုယ်စ၊ ကိုယ့်အားကိုယ်ကိုးပြီး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ခဲ့၍ ရရှိခံစားနေကြရသော ရလဒ်ကောင်းများဖြစ်ကြောင်း။

ပေါ်ထွက်လာခဲ့

တနင်္သာရီတိုင်းကိုကြည့်ပါက ကော့သောင်း-မြိတ်-ထားဝယ်-မော်လမြိုင်-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးသည် ထင်ထင်ရှားရှား ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

ရထားလမ်းအနေဖြင့်လည်း ရန်ကုန် - မော်လမြိုင် - ရေး - ထားဝယ် ဆက်ကြောင်းသစ် ပေါ်ပေါက်ခဲ့ပြီဖြစ်ကြောင်း၊ ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်၊ ထားဝယ်တို့၌လည်း လေယာဉ်ကွင်းကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး ဖြစ်နိုင်သမျှ တစ်ပြေးညီ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြေခံကောင်းများရှိ

တနင်္သာရီတိုင်းသည် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ငါး၊ ပုစွန်လုပ်ငန်းနှင့် ဓာတ်သတ္တုလုပ်ငန်းများ ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိသည့်အပြင် ရေမြေသယံဇာတများ ပေါကြွယ်ဝမှုတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည့် တိုင်းတစ်တိုင်း ဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများပေါ်တွင် နိုင်ငံတော်ကြီးနှင့် တစည်းတလုံးတည်းသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ သူတစ်ပါးအပေါ် မှီခိုအားထားလိုစိတ်များကို ဖယ်ရှားပြီး မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးထုတ်လုပ်

ဒေသအလိုက် ဒေသဝမ်းစာဖူလုံရေးသည် နိုင်ငံတော်၏ မူဝါဒဖြစ်ရာ တနင်္သာရီတိုင်းအနေဖြင့် ဒေသဝမ်းစာဆန်ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်သွား ကြရမှာဖြစ်ကြောင်း၊ ရေမြေရာသီဥတု အခြေအနေပေးမှုအပေါ် ဝင်ငွေကောင်းရရှိစေမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ဖြစ်ထွန်းအောင်မြင်အောင် တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင်လည်း စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့နှင့်အတူ ဘုတ်ပြင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး အသင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဘုတ်ပြင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင်(၁၃)ကြိမ်မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေစာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန် ကြေညာသည်။

ကဗျာပေါင်းချုပ်ဆု

ကဗျာပေါင်းချုပ်ဆုတွင် သန်းအောင် (အညာမြေ) ရေးသားသည့် "အမေ့အလှ ပန်းအလှ"က ပထမ၊ ရွှေမြိုင်မောင်ဖူးဝါ ရေးသားသည့် "နှင်းခွဲမီး"က ဒုတိယ၊ မောင်အုန်းသောင်း(မကွေး)ရေးသားသည့် "ပွင့်တူရွက်တူ"က တတိယ ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် သိန်းသန်းဝင်း (မလှိုင်)ရေးသားသည့် "နွယ်ပန်းခွာညို ပွင့်ဝေလို ပြာသိုဆောင်းလလယ်"က ဒုတိယ၊ ပုသိမ်အောင်သန်းဦး ရေးသားသည့် "တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆက္ကာလိမ့်မယ်"က တတိယ ဆုရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆု

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) ရေးသားသည့် "မွေးမေကို ဘယ်လိုပြောရမယ်နှင့် အခြားဝတ္ထုတိုများ" က ဒုတိယ၊ မောင်စိုးထိုက်(သုံးဆယ်) ရေးသားသည့် "ဘဝပုံရိပ် အတိတ်ပန်းချီ ဝတ္ထုတိုများ"က တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် တင်ထွန်းဦး (ယဉ်ကျေးမှု)ရေးသားသည့် "မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုင်းတူရိယာများ" က ပထမ၊ တင်မြင့်ရေးသားသည့် "အညာကျေးက ပညာရေးခရီးသည်" က ဒုတိယ၊ မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)ရေးသားသည့် "တောင်စွန်းဧရာ ရောင်စုံဖြာနှင့် အခြားဆောင်းပါးများ"က တတိယ ရရှိကြသည်။

သုတေသနစာပေဆု

သုတေသနစာပေဆုတွင် ထန်လှိုင် ရေးသားသည့် "အိုးစာ"က ပထမ၊ နီငြိမ်း (အညာတက္ကသိုလ်) ရေးသားသည့် "အညာကျေးလက်စာပေ ဥယျာဉ် စာသဘင်"က ဒုတိယ၊ ခင်ဦးမောင် ရေးသားသည့် "အထက်အညာရွာက မြန်မာ့စဥ့်လုပ်ငန်း"က တတိယ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၅ခုနှစ် "တစ်သက်တာစာပေဆု"အတွက် ဆရာမကြီး ဒေါ်သိန်းဆိုင် (မမြတ်လေး)အား ရွေးချယ်လိုက်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီမှ နှစ်စဉ်ချီးမြှင့်နေကျဖြစ်သည့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုများကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မဝါဝါအေးကျော် (ဒုတိယနှစ်၊ ပန်းချီအထူးပြု)နှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ မချစ်ပုံ့ပုံ့ (ပထမနှစ်၊ ဂီတအထူးပြု) တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများ အဖြစ် ချစ်စံဝင်း ရေးသားသည့် "မြန်မာ့မြို့ဟောင်းတကောင်းရုပ်ပုံလွှာ"နှင့် ဒေါက်တာသက်လွင် ရေးသားသည့် "မြိုင်မြို့နယ်ဖွား စာဆိုများ"ကို စာကြည့်တိုက်ကော်မတီက ရွေးချယ်လိုက်သည်။

ပခုက္ကူဦးအုံးပေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၁ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲကို ဇန်နဝါရီ၁၉ရက် မွန်းလွဲ၁နာရီတွင် အဆိုပါ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အမြန်ဆုံးဆက်သွယ်

ဆုရရှိသူများသည် စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀၊ စာတည်းမှူး ဖုန်း-၂၄၀၀၄၈ နှင့် ဌာနခွဲမှူး(စီမံ) (တာဝန်ခံ) ဖုန်း-၃၈၁၄၄၉တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် ဇန်နဝါရီ၁၈ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးဘဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၄

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြု နယ်လှည့်ဓမ္မကထိက နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ရက်တို့တွင် မကွေးတိုင်း မင်းဘူးမြို့ နာရေးကူညီမှုအသင်း ဓမ္မသဘင်၊ ၂၀ရက် ညနေ ၆နာရီ၌ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ ဆည်းဆာဓမ္မသဘင်၊ ည ၈နာရီတွင် ဒေါပုံမြို့နယ် ဝါဆိုကျောင်းလမ်း ဝါဆိုပရိယတ္တိစာသင်တိုက် အထူးဓမ္မသဘင်၊ ၂၁ ရက် ညနေ ၆နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန် ဆည်းဆာဓမ္မသဘင်၊ ည ၈နာရီ၌ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် စာပြန်ပွဲဓမ္မသဘင်၊ ၂၂ရက် ညနေ ၆နာရီတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဆည်းဆာဓမ္မသဘင်၊ ည ၈နာရီ၌ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် စာပြန်ပွဲဓမ္မသဘင်၊ ၂၃ရက်တွင် တာမွေကျောက်မြောင်းကြီးရပ်ကွက် ဓမ္မသဘင်၊ ၂၄ရက်၌ ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ် (၁)ရှိ မယ်တော်ကြီးဒေါ်ညို ဖုန်း ၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း ၀၁-၆၆၄၉၀၉သို့ ဆက်သွယ်ကြရန် ဖြစ်သည်။ **(က-ပ)**

မင်းဘူးခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၅

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင် အသင်းဝင်၊ စကု၊ စလင်း၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ ငဖဲ၊ စေတုတ္တရာမြို့များမှ အသင်းဝင်နှင့် အသင်းမဝင်ရသေးသူမိသားစုများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အသက် ၇၅နှစ်ပြည့်ပြီးသူ အသင်းဝင်များအား ပူဇော်ကန်တော့ပြီး ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းပြုမည်ဖြစ်ရာ အသင်းဥက္ကဋ္ဌ ဦးဝင်းဖေ (ဆောက်/လျှပ်)ဖုန်း-၇၀၃၉၀၆နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ရေ-ငြိမ်း) ဖုန်း-၅၇၇၇၄၃တို့သို့ ဆက်သွယ်သတင်းပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငွေဆောင်မြို့ သလပ်ခွာကျေးရွာရှိ မိသားစုရော်ဘာမျိုးသန့် ကိုင်းပွားခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

အဆိုပါ မိသားစုရော်ဘာ မျိုးသန့်ကိုင်းပွားခြံရှိ မြေငါးဧကတွင် မျိုးသန့်ရော်ဘာအပင်ပေါင်း ၆၀၀၀နှင့် ရော်ဘာလက်ခံ အပင်ပေါင်း တစ်သိန်းစိုက်ပျိုးထား၍ ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင်၂၂၀နှင့် ကိုင်းပျိုးပင် ၈၀ကို စိုက်ပျိုးထားပြီး ၎င်းတို့ ရယူထားသည့်ဧက ၁၅၀၀အနက် ယခုနှစ်တွင် ဧက ၃၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်းသိရသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ခြံစည်းရိုး ကြက်ဆူပင် အစေ့မျိုးပင်ကို မြေချစိုက်ပျိုးပေးပြီး ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အစေ့ပျိုးပင်ကို မြေချစိုက်ပျိုးပေးသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများသည် မြေသုံးဧက၌ ခြံစည်းရိုးကြက်ဆူစေ့မျိုး တစ်သောင်းနှင့် မျိုးကိုင်း နှစ်ထောင်ကို မြေချ စိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် ငွေဆောင်-မော်တင်လမ်း စိန်တောင်လမ်းခွဲ အနီးရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ်တပ်ရင်း၊ တပ်ဖွဲ့များ၏ စုပေါင်းရော်ဘာပျိုးခင်းသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရော်ဘာပင်များ ပျိုးထောင်ထားရှိမှုနှင့် မြေနေရာ ရှင်းလင်းဖော်ထုတ်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ၂၀၀၆မှ၂၀၀၇ခုနှစ် နှစ်နှစ်အတွင်းဧက ၃၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ပြီး ပုသိမ်ခရိုင်တွင် ရော်ဘာပျိုးပင် ၁၉၈၅၆၀၊ ဟင်္သာတခရိုင်တွင် ပျိုးပင် ၇၂၃၇၆ပင်နှင့်မြောင်းမြခရိုင်တွင်ပျိုးပင် ၆၇၂၇၀ စုစုပေါင်းပျိုးပင် ၃၃၈၂၀၆ပင် ပျိုးထောင်ထားပြီး စိုက်ပျိုးရန်အတွက် မြေဧက ၁၀၉၀ တောခုတ် ရှင်းလင်းပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စိန်တောင်လမ်းခွဲ အနီးရှိ စုပရင်းကုမ္ပဏီများအုပ်စု နှစ်ရှည်ပင်စိုက်ပျိုးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လေးက ရော်ဘာပျိုးပင် တစ်သိန်းစိုက်ပျိုးထားရှိမှု၊ ဧက၃၀၀၌ ရော်ဘာပင်စိုက်ပျိုးရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပုသိမ်-သလပ်ခွာ-မော်တင်လမ်းမိုင်တိုင်အမှတ် (၁၂/၆)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်-သလပ်ခွာ-မော်တင်လမ်း ပေ၃၀အကျယ် လမ်းချဲ့ခြင်းနှင့် တံတားများ တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်သို့သွားရောက်ပြီး တာဝန်ရှိသူများအား မော်တင်စွန်းဘုရားပွဲတော်အမီ ခရီးသည်တင်ယာဉ်ကြီးများ ချောမွေ့စွာသွားလာနိုင်ရန် လမ်းချဲ့မှုလုပ်ငန်းကိုပြီးစီးအောင်ဆောင်ရွက်ရေး၊ မြောင်းကူးတံတားများ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ပုသိမ်-သလပ်ခွာ-မော်တင်လမ်း၊ စိန်တောင်လမ်းခွဲမှ မော်တင်လမ်းအပိုင်းမှာ ၈၄မိုင်ရှိပြီး ပေ၃၀အကျယ် လမ်းအဖြစ် ချဲ့ထွင်ခဲ့ရာ ယခုအခါ ၆၄မိုင်ပြီးစီးနေပြီဖြစ်သည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် လမ်းချဲ့ထွင်ပြီးစီးမှုနှင့် လမ်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁နာရီခွဲတွင် ပုသိမ်-မော်တင်လမ်းနှင့် ကျုံကူးကျေးရွာ လမ်းခွဲသို့ရောက်ရှိကာ ဒေသခံပြည်သူများအား ရှင်းရှင်းနီးနီးနှုတ်ဆက်၍လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ၂နာရီတွင် မိုင်တိုင်အမှတ် ၇၃အနီးသို့ ရောက်ရှိကြပြီး မူလလမ်း အကျယ်၁၂ပေမှ ပေ၃၀ အကျယ်သို့ရောက်အောင်စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆက်လက်ထွက်ခွာလာရာ ပုသိမ်-မော်တင်လမ်းနှင့် ငါးပြေမကျေးရွာ လမ်းဆုံသို့ရောက်ရှိကြပြီး ဟိုင်းကြီးတပ်နယ်ဧက၂၅၀ ရော်ဘာစိုက်ပျိုးရေးစီမံကိန်းရုံး၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တာဝန်ရှိသူများအား ခြံစည်းရိုး ကြက်ဆူပင်များကို ရော်ဘာစိုက်ခင်း ခြံစည်းရိုးအဖြစ် စိုက်ပျိုးသွားရန် မှာကြားသည်။

ဟိုင်းကြီးတပ်နယ်အနေဖြင့် မိုင်တိုင် အမှတ်(၈) နှင့် (၈၄)ကြားတွင် ရော်ဘာ ဧက၅၀ စိုက်ပျိုးပြီးစီးပြီး ၂၀၀၆ခုနှစ်တွင် ဧက၂၅၀တွင် တောခုတ်ပြီး ရော်ဘာစိုက်ပျိုးရန်အတွက် BPM-24 အမျိုးအစား ရော်ဘာပင် ပေါက်ငါးသောင်းနှင့် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းကို ပျိုးထောင်ထားပြီး ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငပုတောမြို့နယ် ကျောက်ချောင်းကျေးရွာ၊ ခမောက်မော်ကျေးရွာနှင့် ကံချိုင်ကျေးရွာများ၏ စည်ပင်ဖွံ့ဖြိုးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခမောက်မော်ကျေးရွာမှ ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ ညနေ၅နာရီ၁၅ မိနစ်တွင် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြပြီး ဟိုင်းကြီးတပ်နယ်၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲသို့ တက်ရောက်အားပေးသည်။

ခြံစည်းရိုး ကြက်ဆူပင်စုပေါင်း ပျိုးထောင်ပွဲတွင် ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ စိုက်ပျိုးရေးလုပ်ငန်းအရာရှိ ဦးငွေးမြင့်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်၊ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးပျိုးခြံတာဝန်ခံ ဗိုလ်ကြီးမောင်မောင်လွင်က ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခြံစည်းရိုး ကြက်ဆူစေ့နှင့် မျိုးကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ခြံစည်းရိုး ကြက်ဆူစေ့နှင့် မျိုးကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဟိုင်းကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များက ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၉၆၀၀နှင့် မျိုးကိုင်း ၁၂၀၀ကိုစုပေါင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရှင်သန်ဖြစ်ထွန်းနေပြီးဖြစ်သော ခြံစည်းရိုးကြက်ဆူပင် တစ်သိန်း ပျိုးထောင်ထားရှိမှု၊ ချင်း၊ နနွင်း ၁ဒသမ၅ဧက စိုက်ခင်းနှင့် ငရုတ်ကောင်း စိုက်ခင်းအမှတ်(၁)၌ ငရုတ်ကောင်း အပင်၉၀၀၀ ရှင်သန်ဖြစ်ထွန်းမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

မြို့မိမြို့ဖများအားတွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညနေ၆နာရီတွင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်း ဒေသသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းတို့ဖြင့် စီးပွားရေးကောင်းမွန်သည့်ဒေသဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်ပင် သုံးမျိုး၊ အမယ်သစ်သုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးတက်စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း၊အထူးသဖြင့် ဈေးကောင်းရရှိသည့် ရော်ဘာနှင့်၊ ငရုတ်ကောင်းတို့ကို စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးရန် လိုကြောင်း၊ ထို့ပြင် စက်သုံးဆီ အစားထိုး ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို လည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လိုအပ်သည့် အစီအမံများချမှတ်ကာ ဖြည့်ဆည်းပံ့ပိုးကူညီ မှုများပေးလျက်ရှိရာ မိမိတို့နယ်မြေဒေသတွင် အေးချမ်းသာယာပြီးတရား ဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးရေးအတွက်ဌာနဆိုင်ရာများ၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ညနေ ၆နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✳ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✳ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
- ✳ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ✳ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပန်းတောင်း၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ဇန်နဝါရီ၁ရက် နံနက်၁၀နာရီက ယင်းစက်ရုံရှေ့၌ ကျင်းပသည်။ ဖွင့်ပွဲသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (အနောက်ပိုင်းတိုင်းခွဲ) ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်ခန့် တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ရှေးဦးစွာ ဓာတ်အားပေးစက်ရုံအား မြို့နယ်ဥက္ကဋ္ဌဦးကျော်တင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းထွန်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းခွဲဥက္ကဋ္ဌက စက်ရုံ၏ ဆိုင်းဘုတ်နှင့် ကျေးရွာသို့ပေးသည့် လျှပ်စစ်မီးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကားပြန်လည်ပြောကြား

ထို့နောက် မဏ္ဍပ်အတွင်း အခမ်းအနားဆက်လက်ကျင်းပရာ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ မြို့နယ်ဥက္ကဋ္ဌက မီးလင်းရေးကော်မတီအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်ကြသည်။

ယခုဖွင့်လှစ်လိုက်သော စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၅ခုနှစ် ဩဂုတ် ၁ရက်မှစ၍ လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ၃၁ရက်တွင် တပ်ဆင်ပြီးစီးခဲ့သည်။ စက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ဖြင့် ရွာခွဲလေးရွာအပါအဝင် အိမ်ခြေပေါင်း ၃၅၁အိမ်ကို လျှပ်စစ်မီးပေးနိုင်ပြီး စုစုပေါင်းကုန်ကျငွေ ကျပ်၁၂၆သိန်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ပြောဆိုကြံဆောင်လုပ်ကိုင်နေသည့် ကိစ္စမှန်သမျှ ပြည်သူအားလုံး ပြည်သူ့စွမ်းအား၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် တွန်းလှန်ဖယ်ရှား

စာမျက်နှာ ၇ မှ

ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုခရီးတွင် ပူးပေါင်းပါဝင်လက်တွဲသွားသင့်ကြောင်း၊ ထို့ကြောင့်လည်း အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံမူများတွင် လွှတ်တော်အဆင့်ဆင့်ကို ဖွဲ့စည်းရာ၌ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များအပြင် တပ်မတော်ကိုယ်စားလှယ်များလည်း လေးချိုးတစ်ချိုးပါဝင်ပြီး ဖွဲ့စည်းမည်ဟု ချမှတ်နိုင်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ ၎င်းသည် တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ အရောက်လှမ်းနိုင်ရန် ခိုင်မာသောအခြေခံအုတ်မြစ်ကို ချမှတ်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်ပတ်သက်ပြီး မိမိတို့ရှမ်းပြည်နယ်၌ ‘၀’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ကိုးကန့် စသော တိုင်းရင်းသားများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရရှိကြမည်ဖြစ်ပြီး မိမိတို့၏ဒေသအကျိုး၊ တိုင်းရင်းသားများ၏အကျိုးကိစ္စများကို ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း။

ယခုရေးဆွဲလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ဒီမိုကရေစီနည်းလမ်းကျစွာ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့အတွက် အခွင့်အရေးတန်းတူညီမျှမှုရှိအောင် ဆောင်ရွက်ပေးထားသည်ဆိုသည်ကိုလည်း တွေ့ရှိရကြောင်း၊ ချမှတ်ပြီးဖြစ်သော အသေးစိတ်အခြေခံမူများအားလုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် အနှစ်သာရပိုမိုပြည့်စုံပြီး ခေတ်မီသည့် အခြေခံမူများဖြစ်သည်ဆိုသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)နယ်မြေအတွင်းကိုကြည့်လျှင် နယ်မြေအေးချမ်းသာယာမှုရရှိလာသည်နှင့်အမျှ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို သိသာထင်ရှားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရှမ်းပြည်နယ်(တောင် ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သက်နွယ်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

အင်တိုက်အားတိုက်ပူးပေါင်းပါဝင်

နယ်မြေဒေသ ငြိမ်းချမ်းရေးရရှိခဲ့သည့် ၁၅ နှစ်တာကာလအတွင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာမှုများသည် နယ်မြေအေးချမ်းသာယာမှုနှင့် မှန်ကန်သည့်နည်းလမ်းများ ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ရရှိလာသော အောင်မြင်မှုများဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများသည် မိမိတို့ဒေသနှင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ကောင်းမွန်သောရလဒ်များဖြစ်သကဲ့သို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၏ အရိပ်အယောင်များပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသနှင့် နိုင်ငံတော်ကြီးအတွက် အကျိုးရှိသော လုပ်ငန်းတာဝန်များကို ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ယခင်ကတရားဥပဒေစိုးမိုးမှုအားနည်းခဲ့ပြီး အေးချမ်းတည်ငြိမ်မှု မရှိခဲ့သည့်အပြင် အသက်ဘေးအန္တရာယ် စိတ်ချလုံခြုံမှုမရှိခဲ့သော အင်တော/ကျောက်ကူဒေသသည် ယနေ့ဆိုလျှင် သွားလာမှုလွယ်ကူမြန်ဆန်ပြီး နယ်မြေတည်ငြိမ်အေးချမ်းကာ ဒေသအတွင်းဖွံ့ဖြိုးမှုအတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို အဓိကဆက်သွယ်ပေးနေသည့် လမ်းမကြီးတစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွန်းတည်ရှိနေပြီဖြစ်သည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခင်ကလမ်းပန်းဆက်သွယ်မှုခက်ခဲပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် တောင်ကြီးမြို့မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသကို မော်တော်ယာဉ်ဖြင့် သွားမည်ဆိုလျှင် ခုနစ်ရက်မှ ၁၀ ရက်အကြာ ကြာမြင့်ခဲ့သော်လည်း ယနေ့တွင်မူ ထိုခရီးလမ်းကို တစ်ညအိပ် နှစ်ရက်အတွင်း လွယ်လွယ်ကူကူ ဆက်သွယ်သွားလာနေနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍစုံသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့ကဲ့သို့အချိန်အခါမျိုးတွင် အမျိုးသားညီလာခံကြီးအောင်မြင်ရေးသည် အလွန်အရေးကြီးသည့်အတွက် အပြည့်အဝအောင်မြင်မှုများ ရရှိအောင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု ပြောကြားရင်း အဆိုရှင်၏အဆိုကို လှိုက်လှိုက်လှဲလှဲ အလေးအနက် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သက်နွယ်ဦးက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံသည် အေးချမ်းတည်ငြိမ်မှုရှိရန် တရားဥပဒေနှင့်ထိန်းညှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် တည်ငြိမ်အေးချမ်းသော နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် မရှိမဖြစ် အရေးကြီးသည့်လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်မာမှုမရှိလျှင် ထိုနိုင်ငံသည် တည်တည်ငြိမ်ငြိမ် ရပ်တည်ရှင်သန်နိုင်ရန် ခက်ခဲကြောင်း။

အောင်မြင်ပြီးမြောက်

ယနေ့ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရန်အရေးသည် ပထမအဆင့် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်မှ ဖြစ်မှာ ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အတွက် အထူးလိုအပ်နေသည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကျင်းပပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြတာ အားလုံးအသိပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်တစ်ဝန်းလုံးက တိုင်းရင်းသားညီအစ်ကိုပေါင်းစုံ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အရွေးချယ်ခံကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစရှိသည့် ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ပြီး လေးလေးနက်နက် တိုင်ပင်ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်(တောင် ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာစန်းသန္တာနိုင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ဆုံးဖြတ်ချက်များချမှတ်

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများ အသေးစိတ်အခြေခံရမည့်မူများကို ကိုယ်စားလှယ်များသည်အဘက်ဘက်က လေ့လာဆည်းပူးဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးမှ ဆုံးဖြတ်ချက်များချမှတ်ကြသည်ဟု သိရကြောင်း၊ ယင်းသို့ဆွေးနွေးကြရာတွင် ညီလာခံကိုယ်စားလှယ်များသည် ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်၏ သဘာဝအခြေအနေများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်ပုံစံများနှင့်လည်း ကိုက်ညီသည့် ပြဋ္ဌာန်းချက်များကို အချိန်ယူပြီး အကျေအလည်ဆွေးနွေး ဆောင်ရွက်ခွင့်ရနေကြပါကြောင်း။

မိမိတို့မြန်မာအမျိုးသမီးများနှင့် ပတ်သက်၍လည်း နိုင်ငံတကာအလယ်တွင် သိက္ခာကျအောင် အားမနာတမ်း စွပ်စွဲချက်များ ထုတ်ထားကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်၊ လူကုန်ကူးမှုမှကာကွယ်ရန်၊ ပြုစုပျိုးထောင်ပေးရန်၊ ဘဝမြှင့်တင်ရန် ဆိုသည့် ရည်ရွယ်ချက်များချမှတ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အမျိုးသမီးများအား လူကုန်ကူးမှုမှ ကာကွယ်တားဆီးပေးလျက်ရှိကြောင်း။

လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အမျိုးသမီးများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်ပေါင်းစုံမှ တိုးတက်လာစေရန်အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ ပူးပေါင်းပြီးအမျိုးသမီးများ၏အကျိုးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနေသည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်လျက်ရှိသည့် အမျိုးသားညီလာခံသည် သမိုင်းအတွေ့အကြုံသင်ခန်းစာများရယူပြီး အသစ်ဖြစ်ပေါ်လာမည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်များ နည်းနိုင်သမျှ နည်းအောင်၊ ကင်းနိုင်သမျှကင်းအောင် အချိန်ကန့်သတ်ချက်မထားဘဲ အချိန်ယူတိုင်ပင်ဆွေးနွေး လေ့လာဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

စည်းလုံးညီညွတ်ရေးအလေးဂရုထား

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဦးထိပ်ပန်ဆင်ကြသည့် ညီလာခံကိုယ်စားလှယ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးဂရုထားပြီး ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆောင်ရွက်လျက်ရှိကြကြောင်း။

တပ်မတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ရေရှည်မျှော်ကိုးပြီး စေတနာထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထူးဖွံ့ဖြိုးရေးဇုန်ဒေသကြီး ၂၄ ခု သတ်မှတ် ဆောင်ရွက်လျက်ရှိသည်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် တောင်ကြီးနှင့် ပင်လုံ ဖွံ့ဖြိုးရေးဒေသ နှစ်ခု သတ်မှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခင်က မိမိတို့ ရှမ်းပြည်နယ်၏ ရထားလမ်းဆုံးမြို့သည် ရွှေညောင်မြို့ဖြစ်သော်လည်း ယနေ့အချိန်မှာတော့ မီးရထားလမ်းသည် တောင်ကြီး–ဆိုက်ခေါင်–မိုးနဲဒေသများကို ဖြတ်ကျော်ပြီး နမ့်စန်မြို့အထိ ခရီးပေါက်သွားခဲ့ပြီဖြစ်ကြောင်း။

မျက်မြင်တွေ့ရှိနေရ

ဖြတ်ကျော်သွားလာရန် ခက်ခဲလှသည့် ပွန်ချောင်းကို ဖြတ်ကျော်ပြီး တံတားကြီးအောင်မြင်စွာ တည်ဆောက်နိုင်ခဲ့၍ ယခင်ကနှင့်မတူ လွယ်လင့်တကူ ဖြတ်ကျော်ကူးသန်း သွားလာနိုင်ပြီဖြစ်သည့်အတွက် ယခင်က အနေနီးသော်လည်း ဆက်သွယ်သွားလာမှုခက်ခဲခဲ့သည့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဒေသနှင့် ရှမ်းတိုင်းရင်းသားတို့၏ ဒေသနှစ်ခုအကြား မေတ္တာပေါင်းကူး တံတားကြီးသဖွယ် တည်ရှိနေသည်မှာ မျက်မြင်တွေ့ရှိနေရပြီဖြစ်ကြောင်း။

တိုင်းရင်းသား ညီအစ်ကို မောင်နှမများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတော်ကြီးအတွင်း ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နေသော အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဖြစ်၍ သမိုင်းတွင် စာတင်ရသည့် ဂန္ထဝင်မြောက် ကျင်းပပေးနေသော အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာစန်းသန္တာနိုင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးဖြစ်သည့် အခြေခံမူ(၁၀၄)ချက်ထဲတွင် အမျိုးသား ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး **“နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်”**ဟု ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးရန်ဖြစ်သကဲ့သို့ မူလတန်းပညာကို အခမဲ့သင်ခွင့်နှင့် အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ပေးခြင်းသည် အမျိုးသားပညာရည်မြင့်မားရေး၊ ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးတို့အတွက် အခြေခံဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း။

အကောင်အထည်ဖော်တည်ဆောက်

မိမိတို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသကို လေ့လာကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီအထိ တက္ကသိုလ်ဆိုတာ တစ်ကျောင်းမျှ မရှိခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်၌ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်များအပြင် အစိုးရကွန်ပျူတာကောလိပ်နှစ်ကျောင်း၊ အစိုးရနည်းပညာကောလိပ် နှစ်ကျောင်းနှင့် ပညာရေးကောလိပ်တစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းတွင် အထက်တန်းကျောင်း ၅၀၊ အထက်တန်းကျောင်းခွဲ ၃၁ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၂၄ ကျောင်း၊ အလယ်တန်းကျောင်း ၁၁၅ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၇ ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၄၇ ကျောင်း၊ မူလတန်းကျောင်း ၂၁၇၈ ကျောင်း၊ မူလတန်းကျောင်းခွဲ နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၂၀ ရှိနေသည်ကို တွေ့ရပါကြောင်း၊ ဒါ့အပြင် ယခင်ကမရှိခဲ့သည့် ခေတ်မီပညာရေးစနစ်အတွက် ပြည်နယ်အတွင်းတွင် Multi Media Classroom တပ်ဆင်ပြီး ကျောင်းအရေအတွက် ၄၉ ကျောင်း၊ 3 Platform သုံးကျောင်း၊ 2 Platform ၃၅ ကျောင်း၊ 1Platform ၁၁၇၇ ကျောင်းရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ယခင်က ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးတစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ခုတင်(၂၀၀)ဆံ့ ဆေးရုံသုံးရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ ၁၂ ရုံအထိ တိုးချဲ့ဖွင့်လှစ် ကုသပေးလာနိုင်တာတွေ့ရှိရကြောင်း၊ လျှပ်စစ်စွမ်းအား ကဏ္ဍအနေဖြင့်လည်း ဇော်ဂျီရေအားလျှပ်စစ်အပြင် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် နိုင်ငံအတွက် ကောင်းမွန်ပြည့်စုံသည့် အနာဂတ်ကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများ ညှိနှိုင်းတိုင်ပင်ရေးဆွဲနေကြခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေသကဲ့သို့ လွတ်လပ်သည့် နိုင်ငံတော်ပီပီ မိမိတို့နိုင်ငံ၏ ကောင်းကျိုးချမ်းသာကိုမိမိတို့ ပြည်သူလူထုကသာ လွတ်လွတ်လပ်လပ် ဖော်ဆောင် အကောင်အထည်ဖော်ရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုကိုယ်စားလှယ်များအားလုံး အလေးအနက် ညှိနှိုင်းတိုင်ပင်ဆွေးနွေး ဖော်ဆောင်နေတာဖြစ်သည့်အတွက်

စာမျက်နှာ ၁၂ ကော်လံ ၁

16-1 (11).p65 1 3/26/1905, 5:07 PM

စာမျက်နှာ ၁၁ မှ

အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မိုးနဲမြို့နယ်မှ တရားရုံးချုပ်ရှေ့နေ ဦးတင်အောင်ဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ကမ္ဘာပေါ်မှာရှိသည့် မည်သည့်နိုင်ငံမဆို နိုင်ငံတော်အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေပိုင်းခြားပြီး ကျင့်သုံးကြကြောင်း၊ ထိုအာဏာသုံးရပ်မှာ ဥပဒေပြုရေးအာဏာသည် အရေးကြီးလှကြောင်း၊ ခေတ်မီနိုင်ငံတော်ကြီးဖြစ်ရန်၊ စီးပွားရေးခိုင်မာတောင့်တင်းရန်၊ ပြည်သူတွေ၏ အခွင့်အရေးများရယူသုံးစွဲနိုင်ရန်၊ နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် အဖျက်အန္တရာယ်များကို ကာကွယ်ရန်ဆိုသည်များမှာ ဥပဒေပြုပြီး ဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း။

အခြေခံအချက်များဖြစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများသည် တစ်နိုင်ငံလုံးအတွက်သာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပုဂ္ဂလိကတစ်ဦးချင်းစီအတွက် ကိုယ်စားပြု၊ အကျိုးပြုနေသည့် အခြေခံအချက်များဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာကဏ္ဍများကို ကဏ္ဍကြီး(၁၁)ရပ် သတ်မှတ်ထားပြီး ပြည်ထောင်စုကြီးတစ်ခုလုံးကို လွှမ်းခြုံဆောင်ရွက်ရမည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍသုံးခုကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အာဏာအပ်နှင်းထားသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံတိုင်းအတွက် အသက်တမျှအရေးကြီးသည့် ကိစ္စဖြစ်၍ ဥပဒေတစ်ခုတည်းအောက်တွင် တောင့်တင်းသည့် ကာကွယ်ရေးအင်အားကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့၍ ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့ရသည်ကို အစဉ်အမြဲသတိရှိနေရန် လိုအပ်သကဲ့သို့ နိုင်ငံတကာကို လေ့လာလျှင်လည်း တစ်ချိန်က ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်နယ်အသီးသီးတွင် ကိုယ်ပိုင်စစ်တပ်များ ဖွဲ့စည်းခွင့်ပြုထားခဲ့၍ ပြည်တွင်းရေးပဋိပက္ခ ပြင်းထန်လာချိန်တွင် လွယ်လွယ်ကူကူ စစ်မီးတောက်လောင်ပြီး ပြည်ထောင်စုကြီးပြိုကွဲခဲ့ရသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ထို့အတူနိုင်ငံခြားရေးကိစ္စရပ်များသည် တစ်နိုင်ငံလုံးကို ခြုံငုံသုံးသပ်ချမှတ်ဆောင်ရွက်ရသည့် ကိစ္စမျိုးဖြစ်သည့်အပြင် တရားစီရင်ဆုံးဖြတ်ရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေးဘဲ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် တရားဥပဒေ တစ်မျိုးတည်းသာရှိသင့်သည် ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ အချို့ ပြည်ထောင်စုနိုင်ငံများတွင် ပြည်နယ် တစ်ခုနှင့်တစ်ခု ပြဋ္ဌာန်းထားသည့် ဥပဒေများမတူညီမှုကို မသမာသူများက ခုတုံးလုပ်ပြီး အသုံးချနေသဖြင့် ပြဿနာများနှင့် ရင်ဆိုင်နေရသည်ကို လေ့လာတွေ့မြင်နိုင်ကြောင်း။

ယခု ကျင်းပနေသည့် အမျိုးသားညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ အခြေအနေကို လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ချို့ယွင်းချက်၊ အားနည်းချက်အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် စီစဉ်ချမှတ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံမှာ ရေးဆွဲချမှတ်နေသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများသည် အဘက်ဘက်က ဟာကွက်၊ ပျော့ကွက်မရှိအောင် စေ့စေ့စပ်စပ်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ထားကြတာဖြစ်၍ ဒီမိုကရေစီ၏ အနှစ်သာရများ ပြည့်ပြည့်ဝဝပါဝင်ပြီး ပြည်သူများ၏အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေခံဥပဒေသစ်ကြီး မလွဲမသွေပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ပြည်သူ့စွမ်းအားဖြင့်ချေမှုန်း

ထို့ကြောင့် မိမိတို့ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်နှင့်အညီ ညီလာခံကြီးကို ပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်ဟန့်တားကြမည့် အန္တရာယ်များကိုလည်း ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ချေမှုန်းတိုက်ဖျက်ကြရမှာဖြစ်ကြောင်း တင်ပြရင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၁၀ နာရီ ၅ မိနစ်တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ဟံသာဝတီယာဉ်ရောင်းဝယ်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးမိသားစု၏ ၂၀၀၆ ခုနှစ် ဒုတိယအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ဥက္ကလာဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးအကျိုးဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးပြုံးချို၊ အမှုဆောင် ဦးသန်းဦးတို့က မင်္ဂလာဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဂေါက်သီးရိုက်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သည့် ဦးစန်းဝင်းမောင်က ကျင်းနံပါတ် ၂၃ တွင် တစ်ချက်တည်း ကျင်းဝင် (Hole in one)ရရှိသည်။ ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျင်းပသည်။ **(၂၁၀)**

အချုပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချုပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၉။ အရေးပြိုင်ပွဲ
- ၈:၂၅ ၁၀။ လဝ္ဂမ်းပြင်ရေလှောင်တမံ
- ၈:၃၀ ၁၁။ International News
- ၈:၄၅ ၁၂။ Grammar made Easy

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဆိုပြိုင်ပွဲ
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ အတီးပြိုင်ပွဲ
- ၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၅၅)
- ၁၉:၀၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှားကြက်ဆူရိုင်းမှဘိုင်အိုဒီဇယ်
- ၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လေ့ကားထစ်လေးများ"** (အပိုင်း-၃၀)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၁)

ဒီဇင်ဘာ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ဥက္ကလာပမြို့နယ်၏ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲကို (၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အောင်ဆန်းတောရ ဆရာတော် သာသနာပြုခရီးမှ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇) ပဓာန နာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်သည်ကပ္ပိယကာရက ဦးစိုးအောင်လိုက်ပါလျက် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၊ ကင်ဘာရာမြို့၊ မဲလ်ဘုန်းမြို့၊ ဘရစ္စဘိမ်းမြို့၊ ပါ့သ်မြို့နှင့် ကော့ဆာဘာမြို့များတွင် မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်အထိ ဟောကြားခဲ့ပြီး ဇန်နဝါရီ ၁၂ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူကြောင်း သိရသည်။ **(က-ပ)**

မြောက်ပိုင်းခရိုင်စီမံကိန်းရုံး ဝန်ထမ်းဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြောက်ပိုင်းခရိုင် စီမံကိန်းဦးစီးရုံး မင်္ဂလာဒုံမြို့နယ်၌ ခရိုင်နှင့် မြို့နယ်ရုံးများရှိ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်းဦးစီးမှူး ဦးရွှေအိက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆုချီးမြှင့်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီး ပြည်သူ့ရေးရာဝန်ထမ်းလောင်း သင်တန်းအမှတ်စဉ်(၁၇၀)တွင် စံပြသင်တန်းသူဆုရ လှည်းကူးမြို့နယ် စီမံကိန်းဦးစီးမှူး ဒေါ်အေမီဇော်အားလည်းကောင်း၊ ဌာနတွင်းကွန်ပျူတာသင်တန်း(၁/၂၀၀၅)တွင် ဒုတိယဆုရ လှိုင်သာယာမြို့နယ် စီမံကိန်းဦးစီးမှူး ဒေါ်ခင်မျိုးကြည်အားလည်းကောင်း၊ ကွန်ပျူတာသင်တန်း(၂/၂၀၀၅)တွင် တတိယဆုရခရိုင် စီမံကိန်းဦးစီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အိမင်းကြူတို့အား လည်းကောင်း ခရိုင်စီမံကိန်းဦးစီးမှူးက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ ၆ ရက်က အမက(၂၈)တာမွေ၌ ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ကျောင်းမိသားစုနှင့်ကျောင်းအဆင့်တွင် ဘက်စုံထူးချွန်ဆု ရရှိသော Grade-5မှ မမိုးမြတ်သူအား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၀၆ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ Fashion Talk
- ၈:၀၀ တေးဂီတအစီအစဉ်
- ၈:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၁၀ ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၃၅ ဟင်းရွက်ရေလှောင်တမံ
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ရှားပါးသောရေချိုရေငန်စပ် မိကျောင်းများ(အပိုင်း-၁) [မိကျောင်းခရီး]
- ၈:၅၅ မိုးလေဝသခန့်မှန်းချက်
- ၉:၀၀ သူ့ဘဝ၊ သူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ဆီဆေးပန်းချီ)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ ခေတ်အဆက်ဆက်ကထင်ပေါ် မြန်မာ့ဖိနပ်ပုံတော်
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၁၅ ခလေ့ရိုးရာ ရှမ်းရွာလေးများ
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၃၅ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန)
- ၁၁:၁၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ရွှေလောင်းတံတား
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ ရန်ကုန်ထရန်စဖော်မာ
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကန်တော်မင်္ဂလာပန်းခြံအတွင်းရှိ Happy World ကလေးကစားကွင်း၌ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးထောင်ဘိုလမ်း ကန်တော်မင်္ဂလာပန်းခြံအတွင်းရှိ Happy World ကလေးကစားကွင်း၌ ယနေ့ညနေ ၅ နာရီခွဲခန့်တွင် ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားသည်။

မီးစတင်လောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ကားများ ရောက်ရှိပြီး မီးငြိမ်းသတ်ကြသဖြင့် ည ၇ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေးနှင့် လုံခြုံရေးကိစ္စများကို စီမံဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မိဘရိပ်သီတဂူဓမ္မသဘင် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt, Ph.D)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀) ရပ်ကွက် လှော်ကားလမ်း အမှတ်(၁)ရှိ သီရိသုဓမ္မဓာတ်ဇောတဓရ သီတဂူဦးနိုင်ဦး (မိဘရိပ်)–သီတဂူဒေါ်အေးသိန်း (မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက်) မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ ၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက် (ဇန်နဝါရီ ၂၂ ရက်–တနင်္ဂနွေနေ့) ည ၇ နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပုဂံညောင်ဦးမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ပုဂံညောင်ဦးမြို့နယ်(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၅ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ကြားတောရလမ်းရှိ မုန်ကျောင်း ဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားများစာရင်း၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများ စာရင်းကို ဦးဘစော(နာယက) အိမ်ဖုန်း–၂၀၁၄၆၈၊ဦးသိန်းအောင် (ဥက္ကဋ္ဌ) အိမ်ဖုန်း–၅၇၇၇၀၂၊ ဦးသောင်းညွန့် (အတွင်းရေးမှူး) အိမ်ဖုန်း–၀၉၅–၁၃၂၃၆၉ တို့သို့ ဇန်နဝါရီ၂၂ရက်နောက်ဆုံးထား၍ အမှတ်စာရင်းနှင့် တကွပေးပို့ကြရန်နှင့် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် သံဖြူဇရပ်မြို့နယ် မွန်ပြည်နယ်မှ မြတ်ပါရမီ သာသနမာမကအဖွဲ့က ကျောင်းဖြစ်မြောက်ရေးအတွက် အလှူငွေ ကျပ်၁၀သိန်းကို ဆရာတော်အရှင်ဆန္ဒာဓိက ရှေ့မှောက်၌ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်နှင့် စာရင်းစစ်ဦးစန်မင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထွက်ရှိ

ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့တိုးတက်ထွက်ရှိလာ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းသည် အဓိကကျသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယင်းသို့ ထုတ်လုပ်နိုင်ရေးအတွက် အတတ်ပညာ၊ နည်းပညာ၊အရင်းအနှီးနှင့် စက်စွမ်းအားများ ပိုမိုရရှိစေနိုင်ရန်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရှာဖွေတူးဖော်

ယင်းသို့ဆောင်ရွက်ရာတွင်ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်း၊ ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းနှင့်ကမ်းလွန်လုပ်ကွက်များ သတ်မှတ်စူးစမ်းရှာဖွေလုပ်ကိုင်လျက်ရှိသည်။မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန်နှင့် ရခိုင်ကမ်းလွန် ပင်လယ်ပြင်များတွင် လုပ်ကွက်များ ဖော်ထုတ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိသည်။

ယခုအခါ သဘာဝဓာတ်ငွေ့များ အဆိုပါလုပ်ကွက်များမှ အလျှံပယ်ထွက်ရှိလာပြီဖြစ်သည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တင်ပို့ရောင်းချနိုင်၍ နိုင်ငံခြားငွေများလည်း ရရှိနေပြီဖြစ်သည်။၂၀၀၅ခုနှစ် လေးလတာကာလအတွင်း ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေခုနစ်သောင်းကျော် တင်ပို့နိုင်ခဲ့သည်။ ၁၉၉၈ခုနှစ်မှ ၂၀၀၅ခုနှစ် အတွင်း စုစုပေါင်းတင်ပို့နိုင်မှုမှာ ကုဗပေတစ်သန်းကျော် ဖြစ်သည်။

တင်ပို့နိုင်

ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ၂၀၀၅ခုနှစ် လေးလတာကာလအတွင်း ကုဗပေသန်းပေါင်း ငါးသောင်းကျော် တင်ပို့နိုင်ခဲ့ပြီး ၁၉၉၈ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ကုဗပေ သန်းပေါင်း ငါးသိန်းခန့်တင်ပို့နိုင်ခဲ့သည်။ထို့အပြင် ရခိုင်ကမ်းလွန်လုပ်ကွက်များမှလည်း သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိသည်။

ထုတ်လုပ်နိုင်

တပ်မတော်အစိုးရလက်ထက်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်မှုကြောင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်မိုင်နှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ကမ်းလွန် ပင်လယ်ပြင်များတွင် လုပ်ကွက်များ ဖော်ထုတ်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိရာ ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

ကမ်းလွန်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်မှု

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကမ်းလွန်ရေနံမြေ	–	၂	၂
၂	**သဘာဝဓာတ်ငွေ့ပိုက်လိုင်းအရှည်(မိုင်)**			
	– ကုန်းတွင်း(မိုင်)	၂၅၀၁၁၁မ၉၁	၁၂၅၉၁၁မ၇၉	၁၀၀၈၁၁မ၈၈
	– ကမ်းလွန်ရေအောက်(မိုင်)	–	၃၄၂၁၁မ၀၀	၃၄၂၁၁မ၀၀
	– ကမ်းလွန်ကုန်းပေါ်(မိုင်)	–	၈၁၁၁မ၀၀	၈၁၁၁မ၀၀
၃	သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု(ကုဗပေသန်းပေါင်း)	–	၃၂၅၂၂၆၁၁မ၆၁	၃၂၅၂၂၆၁၁မ၆၁

ရွှေပါရမီတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)သည် ဇန်နဝါရီ၁၆ရက်၊ ဖေဖော်ဝါရီ ၂ရက်၊၃ရက်နှင့်၄ရက်များတွင် သီရိမင်္ဂလာလမ်းအောင်ချမ်းသာရပ်ကွက် စမ်းချောင်းမြို့နယ်၌ ညစဉ် ၇နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံးက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင် ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၂ရက်က အမက(၁၄)လှိုင် ကျောင်းတွင် ဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ငရုတ်သီးညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား–

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်တွင် ငါးပိထောင်းလုပ်ငန်း လုပ်ကိုင်နေသည့် အိမ်တစ်အိမ်ရှိပါသည်။ အဆိုပါလုပ်ငန်းမှ ငရုတ်သီးညှော်နံ့ကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်ကြောက်သူများ

သံချည်သံကွေးလုပ်ငန်းကြောင့် အိပ်မရဖြစ်နေ

စာတည်းခင်ဗျား–

မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ဥဒ္ဒေနာ(၈)လမ်းတွင် နေ့စဉ် ည ၁၁နာရီမှ နံနက်၃နာရီအထိ သံချည်၊ သံကွေးနှင့် သံဂဟေဆက်လုပ်ငန်းများ လုပ်ကိုင်နေသော အိမ်တစ်အိမ်ရှိပါသည်။ အဆိုပါ သံချည်သံကွေးနှင့် သံဂဟေလုပ်ငန်းများမှ ဆူညံသောအသံကြောင့် ဝန်းကျင်နေ ပြည်သူများ အိပ်မရ ဖြစ်နေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ညစဉ်အိပ်မရဖြစ်နေရသူ

လူနေရပ်ကွက်အတွင်းမှ နွားခြံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

အင်းစိန်မြို့နယ် စခွဲ့ငှူရပ်ကွက် နယ်မြေ(၃)ရွာလယ်လမ်းရှိ အိမ်တစ်အိမ်တွင် နွားအမြောက်အမြား မွေးမြူထားပါသည်။ အဆိုပါ နွားခြံမှအနံ့ဆိုးများကြောင့် အနီးပတ်ဝန်းကျင်ရှိ အိမ်များမှ ပြည်သူများ ကျန်းမာရေးထိခိုက်နေရပါသည်။ ထို့ကြောင့် အဆိုပါ နွားခြံကို လူနေရပ်ကွက်မှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

စခွဲ့ငှူသား

သားငါးများ စည်းကမ်းမဲ့ လမ်းပိတ်ဆို့ရောင်းချနေ

စာတည်းခင်ဗျား–

တာမွေမြို့နယ်အတွင်း ဒဂုံညွန့်ဈေး (အသောကဈေး)ရှိသော်လည်း ဈေးပတ်ဝန်းကျင်တွင်ရှိသော ပုသိမ်ညွန့်(စံပြ)ရပ်ကွက် မလွှကုန်း ဒွေးကြွယ်ရပ်ကွက် လမ်းမကြီးပေါ်တွင် သားငါးများကို စည်းကမ်းမဲ့ လမ်းပိတ်ဆို့ရောင်းချနေကြပါသည်။ အဆိုပါ ဈေးသည်များကြောင့် လမ်းသွားလမ်းလာများ နေ့စဉ်သွားလာရေး အခက်အခဲဖြစ်နေပါသဖြင့် လမ်းများပေါ် စည်းကမ်းမဲ့ ရောင်းချနေမှုကို သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စံပြရပ်ကွက်သား

ယာဉ်သွားလမ်းပေါ်မှ စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း ကောလင်းမြို့ စည်ပင်သာယာဈေးအနီး ကားလမ်းပေါ်၌ စည်းကမ်းမဲ့ ပုံကျ ဈေးသည်များကြောင့် ယာဉ်များ၊ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်နေသည်မှာ ကြာမြင့်နေပြီ ဖြစ်ပါသည်။

သို့ပါ၍ ကားလမ်းပေါ်မှ ကျူးကျော် ဈေးသည်များအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

ခရီးသွားတစ်ဦး

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်မြို့နယ် ပေါင်းတလည်တိုက်နယ် ဘုရားလမ်းနေ
ဦးထွန်းကြည် (လက်ထောက်အမှုဆောင်အင်ဂျင်နီယာ
မြန်အောင်/ရွှေပြည်သာရေနံမြေ)–ဒေါ်ခင်စန်းမြင့်တို့၏ သားဦး

မောင်ထွန်းမွန်ဦး

(First Year, Geology), A.G.T.I (MT)

(ITE NTC-2 Singapore, ELYO Singapore) နှင့်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါး/တောင်ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်းသွယ် အမှတ် ၂၃၇နေ
ဦးစိုးမြင့်(တပ်မတော်ရေ၊ ငြိမ်း)(Sky Line BKK)–ဒေါ်သောင်းအေး
တို့၏ ဒုတိယသမီး

မညို့ဝေမြင့် B.A (History)

တို့၏ ၁၄–၁–၂၀၀၆ ရက် (စနေနေ့) Royal Garden မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မေတ္တာဖြင့် မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့်ဇနီး ဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့်ဇနီးဒေါ်ရင်ရင်မြတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မေတ္တာဖြင့်ပန်းကြဲပေးသော တူမလေး မပိုးသီတာဝင်းစိန်နှင့် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမလေး မသင်းနွယ်စိုးတို့အားလည်းကောင်း၊ အဝတ်အစားအလှဖန်တီးရှင် 'စွယ်တော်နန်း'မှ မသီတာ၊ မိတ်ကပ် ထွဋ်ထွဋ်နှင့် ဗီဒီယိုဓာတ်ပုံဦးငွေဝင်း (MRTV)နှင့် အဖွဲ့သားများအားလည်းကောင်း၊ ရောင်စဉ်လှိုင်း တေးဂီတအဖွဲ့နှင့် သီဆိုပေးကြသော အဆိုတော်များအားလည်းကောင်း၊ ကျွေးမွေးညှော်ခံ ကူညီပေးကြသော Royal Garden မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းမွန်ဦး–မညို့ဝေမြင့်။

လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ခြင်း

သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ

"**အဘ ဦးကျော်မင်း**" {Chairman - ငွေရွှေမင်းကုမ္ပဏီလီမိတက်}

မိုးကောင်းဘုရားကြီး၏ ဂေါပကဥက္ကဋ္ဌအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၆ဖြင့်
(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ကို

ချီးမြှင့်ခံရခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အမျိုး ဘာသာ သာသနာ
အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား – အောင်အောင် မိသားစု

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေး ကော်မတီက ၂၀၀၄–၂၀၀၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာထူးချွန်သူ ကျောင်းသားကျောင်းသူများစာရင်းနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာ အဓိကဖြင့် တက္ကသိုလ်ဝင်တန်း တက်ရောက်လျက်ရှိသည့်ထူးချွန်ဆုရကျောင်းသားကျောင်းသူများ စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာ ဘာသာရပ်တွင် မဆွေလီထက်(အဖ)ဦးမြတ်မင်း ရန်ကင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ရန်ကုန်က ပထမ၊ မနွေဦးမွန် (အဖ) ဦးကျော်ရှိန် အထက ငါးသိုင်းချောင်းမြို့နယ်က ဒုတိယ၊ မသိမ့်ဝေဖြိုး (အဖ)ဦးသံဒိုင် အထက (၁)ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်က တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မောင်ဇင်ဦးမောင်(အဖ) ဦးခင်မောင်ကျော် အထက(၁) ဒဂုံမြို့နယ် ရန်ကုန်က ပထမ၊ မောင်ဇေယျာလင်း(အဖ)ဦးသိန်းထွန်း အထက(၁) ဒဂုံမြို့နယ် ရန်ကုန်က ဒုတိယ၊ မစုဇာလှိုင် (အဖ) ဦးဝင်းနိုင် အထက(၄) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)က တတိယ၊ သင်္ချာဘာသာရပ်တွင် မသဲမိုမိုမြင့်ဦး (အဖ)ဦးမြင့်ဦး အထက(၄) အောင်မြေသာစံမြို့နယ် မန္တလေးက ပထမ၊ မကေသီလွင် (အဖ) ဦးမျိုးလွင် အထက(၂)လမ်းမတော်မြို့နယ် ရန်ကုန်က ဒုတိယ၊ မခင်သင်းစု (အဖ) ဦးဝင်းနိုင် ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက က တတိယ၊ ဓာတုဗေဒ ဘာသာရပ်တွင် မဖြိုးဖြိုးမေ (အဖ) ဦးရဲဝင်း အထက(၂) ကမာရွတ်မြို့နယ် ရန်ကုန်က ပထမ၊ ရူပဗေဒ ဘာသာရပ်တွင် မစန္ဒာချို (အဖ) ဦးယုနိုင် အထက(၈) မော်လမြိုင် မွန်ပြည်နယ်က ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မောင်အောင်ကိုကို (အဖ) ဦးခင်းစင် အထက(၁၄) ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းက ပထမ၊ ဘောဂဗေဒ ဘာသာရပ်တွင် မောင်ဇော်ထူးလွင် (အဖ)ဦးအေးလွင် အထက(၂)ပဲခူး ပဲခူးတိုင်း (အရှေ့ပိုင်း)ကပထမ၊ ပထဝီဝင် ဘာသာရပ်တွင် မောင်ချစ်ထွေး (အဖ) ဦးကျော်ဖိုး အထက(ခွဲ) ဝဲကရင် ကရင်ပြည်နယ်က ပထမ၊ သမိုင်းဘာသာရပ်တွင် မောင်သက်အောင်ငြိမ်း (အဖ) ဦးလှထွန်း အထက ရွှေမြင်တင် ရောဝတီတိုင်းက ပထမ၊ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင် မောင်စိုးကျော်သူ (အဖ) ဦးဝင်းကြိုင် ပြင်ပဖြေ ဧရာဝတီတိုင်းက ပထမတို့ဖြစ်ကြသည်။

မြန်မာစာထူးချွန်

ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၄ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသူများမှာ မဆုဇာနည်ဇော် (အဖ)ဦးသက်တင် မိုးညှင်းဒီဂရီကောလိပ်၊ မသင်းသင်းဆွေ (အဖ) ဦးကျီးမောင် ရတနာပုံတက္ကသိုလ်၊ မဇာဇာလှိုင် (အဖ) ဦးကျော်ဇံဌေး မိတ္ထီလာတက္ကသိုလ်၊ မသီသီအောင် (အဖ) ဦးအောင်သန်းစိုး ဒဂုံတက္ကသိုလ်တို့ ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းခံရသူများသည် ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဖုန်း–၅၅၄၃၁၄ သို့ အမြန်ဆက်သွယ် သတင်းပို့ရန်ဖြစ်ပြီး ဆုရရှိသူများအား ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၁ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲအခမ်းအနား၌ တစ်ပေါင်းတည်းကျင်းပသွားမည်ဖြစ်သည်။

အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၉ရက် (ကြာသပတေးနေ့)မွန်းလွဲ၁နာရီတွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ဆုရကျောင်းသားကျောင်းသူများ အတွက် တည်းခိုနေထိုင်ရေးကို အထက(၂) ဒဂုံမြို့မကျောင်းလမ်း၌ စီစဉ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဇနီး

မစန္ဒာပပဝင်း(ခ)ကလေး၏ ၁၄–၁–၂၀၀၆ရက်တွင်ကျရောက်သည့် (၃၁)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် မွေးနေ့ပေါင်းမြောက်မြားစွာ ဦးဦးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ကျင်းပနိုင်ပါစေလို့ မွေးနေ့မင်္ဂလာ ဆုမွန်ကောင်း တောင်းလျက်။

ဦးဦး ဦးမိုးကျော်အောင်။

မွေးသက္ကရာဇ်အမှန်

ကျွန်တော်၏သမီး မဟာန်နီအောင် Grade-IX, B အထက(၄)အလုံ၏မွေးသက္ကရာဇ်အမှန်မှာ ၂၃–၁၀–၉၂ ဖြစ်ပါကြောင်း။ **ဦးလှဝင်း ၁၂/ကမရ(နိုင်)၀၁၅၁၅၈။**



ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ နတ်တလင်းတွင် ကျင်းပ

နတ်တလင်း ဇန်နဝါရီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၉ရက် နံနက်၉နာရီက လှပခြင်းကျေးရွာအုပ်စု သုတပဒေသာစာကြည့်တိုက်၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် လှပခြင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်လှဲ့ဝါမြင့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး ဟောပြောကာ **(အပေါ်ပုံ)** ကျေးရွာအုပ်စု သုတပဒေသာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ကျေးရွာစာကြည့် တိုက်အခြေအနေကို ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာအုပ်စုအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထီးချိုင့်မြို့နယ်တွင် ကျပန်းစကားပြောပြိုင် ဆုချီးမြှင့်ပွဲကျင်းပ

ထီးချိုင့် ဒီဇင်ဘာ ၂၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးပြီး (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁ရက်က ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖုန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထိန်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟသ်ာတမြို့၌ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဟသ်ာတ ဒီဇင်ဘာ ၂၅

ကျေးလက်နေပြည်သူများ အသိပညာ မြင့်မားရေးအတွက် ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ၉ရက် မွန်းတည့် ၁၂နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အတွင်းရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က စာအုပ်များလှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင် ခရိုင်အဆင့် ဌာနဆိုင်ရာများက ကျပ်နှစ်သိန်းကျော် တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၁၀၀၀ကျော်ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစောမောင်က လက်ခံရယူကြောင်း သိရသည်။

(ယာပုံ) **(ခရိုင် ပြန်/ဆက်)**

တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြော ပြိုင်ပွဲ

မုံရွာ ဇန်နဝါရီ ၈

မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ၅ရက် နံနက်၁၀နာရီက မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကံညွန့်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မုံရွာခရိုင် ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင် ကျောင်းသား ရှစ်ဦး ယှဉ်ပြိုင်ကြရာ ယင်းမာပင်မြို့နယ်မှ န၀မတန်းကျောင်းသူ မမေမြတ်နိုးခင်က ပထမဆု ရရှိကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကန်ကြီးထောင့် အခြေခံပညာအထက်တန်းကျောင်း ရွှေရတုအခမ်းအနားနှင့် ဆရာကန်တော့ပွဲကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၆

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့် ဆရာကန်တော့ပွဲကိုဒီဇင်ဘာ ၃၁ရက်က ကျင်းပရာ အသက်(၈၅)နှစ်ရှိ ဆရာကြီး ဦးစိန်သော်၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ရွှေရတုအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** နှစ်(၅၀)အတွင်း ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမ ၆၁ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် လှူဒါန်းကန်တော့ကြသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ ဧည့်သည်တော်များတက်ရောက်ကြပြီး စာရေးဆရာမင်းယုဝေ၊ ဆရာသန်းထွတ် ပါမောက္ခ(ငြိမ်း)ပညာရေးတက္ကသိုလ်၊ ခင်အေး(စက်မှု)တို့က သုတ၊ရသစာပေများ ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၇-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မူဆယ်ခရိုင်သွင်းကုန်အစားထိုး စက်မှုရပ်ကွက်အကြောင်း)

၁၁း၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (စာပေထဲက ရဲမက်များ) (ညွန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ကျောင်း၌ထူးချွန်ထက်မြက်သော ရင်သွေးငယ်များဖြစ်လာရေး- ဒေါက်တာမြင့်လွင်)

၁၂း၂၀ ဇာတ်လမ်းပမာ နားဆင်စရာ (ထာဝရကြည်ဖြူသွားပါမည်)

၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (စာရေးဆရာ သာဂဒိုးနှင့် ဆွေးနွေးခန်း)

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဆဋ္ဌမတန်း-ပထဝီဝင်)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာခြင်း၏ အခြေခံမူကြီးများ-မောင်ရွှေယုံ)

၁၈း၂၅ ကျေးလက် ဇာတ်လမ်း (သာမောဖွယ်ရာ တို့လယ်ယာ)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ထိန်းသိမ်းကြစို့ ထာဝစဉ်- ပိုလီယိုကင်းသည့်မြန်ပြည်တစ်ခွင်)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (စည်းကမ်းနှင့် အလုပ်)

ကန့်ဘလူ မြို့ မြို့အဝင်သာယာလှပရေး ဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင် အရာရှိ ဦးမျိုးအောင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်၌ မိဘဆရာအသင်းနှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထောက်ပံ့ငွေပေးအပ်

သံဖြူဇရပ် ဇန်နဝါရီ ၂

သံဖြူဇရပ်မြို့နယ် ကြံ့ခိုင်ရေးရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသက်(၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင့်အား ထောက်ပံ့လှူဒါန်းပွဲကို ဒီဇင်ဘာ၂၀ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက အမှာစကား ပြောကြားပြီး အငြိမ်းစားယူသွားသည့် အသက်(၆၀)ပြည့်ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင့်အား မြို့နယ်ပညာရေးမိသားစု ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ကို မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ပေးအပ်သည်။**(အောက်ပုံ)**

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးနှင့်မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များက ၂၀၀၄-၂၀၀၅ပညာသင်နှစ် ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်သည်။**(မြို့နယ်ပညာရေး)**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

ကျောင်းကုန်း ဇန်နဝါရီ ၁၂

ကျောင်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၃၀ရက်က မြို့နယ်မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစံလှထွန်း(မြို့နယ်သတင်းထောက်)က ဖတ်ကြားသည်။

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ ကဗျာ၊ ဝတ္ထုနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးလှမြင့်၊ စာရေးဆရာများဖြစ်ကြသည့် မောင်မြင့်ကြွယ်၊ မြင်းမူမောင်နိုင်မိုးနှင့် တက္ကသိုလ်ကြူကြူသင်းတို့က ဆုများချီးမြှင့်ကြသည်။**(ဝဲပုံ)** ဆက်လက်၍ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာကြီး၊ သတင်းစာဆရာကြီးများဖြစ်ကြသော ဂါဒီယန်ဦးစိန်ဝင်း၊ မောင်မြင့်ကြွယ်၊ မြင်းမူမောင်နိုင်မိုးနှင့် တက္ကသိုလ် ကြူကြူသင်းတို့က ဟောပြောကြသည်။ **(၂၆၅)**

ကြွေးကြော်သံများ

တစ်ခဲနက်ကြွေးကြော်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆို ထောက်ခံပွဲ လူထု အစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (အောက်ပုံနှင့် အောက်ယာပုံ)

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာနှင့်ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ရော်ဘာနှင့်ငရုတ်ကောင်းတို့ကို စိုက်ပျိုးနိုင်သမျှ တိုးချဲ့ဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်များကို ရော်ဘာစိုက်ခင်းများ၌ ခြံစည်းရိုးအဖြစ်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း ပုသိမ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ငွေဆောင်မြို့ သလပ်ချောကျေးရွာရှိ မိသားစုရော်ဘာမျိုးသန့်ကိုင်းပွားခြံသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ခြံအတွင်း၌ စိုက်ပျိုးထားသည့် ရော်ဘာမျိုးသန့်ပင်၊ ရော်ဘာလက်ခံပင်၊ ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းပျိုးထောင်ထားမှု၊ ခြံစည်းရိုးကြက်ဆူပင် အစေ့အပင်ပေါက်နှင့် မျိုးစေ့၊ မျိုးကိုင်းတို့ကို ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံ ဦးညီညီနိုင်နှင့် ဦးတင်လှိုင်တို့က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ခြံတာဝန်ခံ ဦးညီညီနိုင်က ရော်ဘာမျိုးသန့်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာမျိုးသန့်ပျိုးပင်များ တွင်ကျယ်စွာ စိုက်ပျိုးပြီး ပိုသည့်အပင်များအား ဈေးနှုန်းသက်သာစွာဖြင့်ဖြန့်ဖြူးရောင်းချရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို ရော်ဘာခြံပတ်လည်တွင် ခြံစည်းရိုးအဖြစ် စိုက်ပျိုးသွားရေး မှာကြားသည်။ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ■

နိုင်ငံတော်၏အသက်သွေးကြောတမျှအရေးကြီးသည့် အခြေခံဥပဒေသစ်ကြီးပေါ်ထွန်းလာရေး အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များစုံစုံညီညီ ပွင့်ပွင့်လင်းလင်း အကြံပြုရေးဆွဲလျက်ရှိ ကမ္ဘာ့နိုင်ငံများကပင် အတုယူရလောက်အောင် ပြည့်စုံကောင်းမွန်သည့် အခြေခံဥပဒေသစ်ကြီးပေါ်ထွန်းလာတော့မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆို ထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ဟိုပုံးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများ၊ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ အင်းသားတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ ကိုယ်စားလှယ်များနှင့် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူလူထု အင်အား ၁၅၀၀၀ ကျော်တို့က စစ်ကြောင်း ငါးကြောင်းဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများ ***စာမျက်နှာ ၆ ကော်လံ ၁*** ●

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

❒ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် ဇီဝလောင်စာဆီရရှိခြင်း၊ စိုက်ပျိုးခင်းများအတွက် အရွက်နှင့်ကြိတ်ဖတ်များမှ သဘာဝမြေဩဇာရရှိခြင်း၊ ခြံစည်းရိုးအဖြစ် အကာအရံများဖြစ်ခြင်းတို့အပြင် နွေရာသီတွင် မလိုအပ်သည့်အကိုင်းများ ဖြတ်ပြီး ခြောက်သွေ့အောင်ထား၍ ထင်းအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

❒ စိုက်ပျိုးသူများအနေဖြင့် တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ် ၄၀၀၀၀ ခန့် ကုန်ကျနိုင်မည် ဖြစ်သော်လည်း မိသားစုလုပ်အားဖြင့် ထည့်သွင်းဆောင်ရွက်မည်ဆိုပါက ယင်းကုန်ကျစရိတ် သက်သာနိုင်မည်ဖြစ်ပါသည်။ စိုက်ခင်းများမှ ဘိုင်အိုဒီဇယ်များ တတိယနှစ်တွင် ဂါလန် ၇၀ ထွက်ရှိပြီး ဝင်ငွေကျပ် ၁၄၀၀၀၀ ရရှိမည်ဖြစ်သည့်အတွက် တောင်သူများအကျိုးရှိမည့် သီးနှံတစ်ခု ဖြစ်ပါသည်။

မောင်ဝ(စိုက်ပျိုးရေး)၏ ခြံစည်းရိုးကြက်ဆူပင်ကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးကြပါစို့ (ဆောင်းပါး (စာ-၃ နှင့် ၅))

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် **ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးကျော်သန့်၏ ဖတ်ကြား တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–**

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးကျော်သန့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်

မိမိတို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အကြံပြုချက်စာတမ်းပြုစုနိုင်ရေးအတွက် စာတမ်းပြုရေးအဖွဲ့(၃)ဖွဲ့ ဖွဲ့စည်းပြီး ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက် တို့၏ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အလေးအနက်ထားကာ အသေးစိတ်လေ့လာခဲ့ပါကြောင်း၊ ယင်းနောက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အကျိုးပြုမည့် အကြံပြုချက်များကို စုစည်းရေးသားပြီး အစုအဖွဲ့သဘာပတိထံ တင်ပြခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်နေ့တို့တွင် ပြုလုပ်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများ၌ အကျေအလည် ညှိနှိုင်းခဲ့ကြပါကြောင်း၊ အစုအဖွဲ့ သဘာပတိအဖွဲ့ကလည်း အသေးစိတ် လေ့လာသုံးသပ်ကာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်အဖြစ် စုစည်းပြုစုပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစုအဖွဲ့အစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက်ရယူခဲ့ပါကြောင်း၊ ယခု မိမိအနေဖြင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများအတွက်ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းသည့် အကြံပြုချက်စာတမ်းပါ ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်သော အကြံပြုချက်ကို တင်ပြသွားမှာ ဖြစ်ပါကြောင်း။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ၁၃ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များတွင် ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ ၂၈ချက် ပါရှိသည်ကို တွေ့ရပါကြောင်း။

ယင်း ၂၈ချက်ထဲတွင် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်ပုံမှန် အစည်းအဝေး ခေါ်ယူကျင်းပခြင်းကိစ္စ၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းကိစ္စ၊ ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်ရမည့်ကိစ္စများနှင့် အစည်းအဝေးအထမြောက်ခြင်းဆိုင်ရာကိစ္စများ၊ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရာ၌ မဲခွဲဆုံးဖြတ်ခြင်းဆိုင်ရာကိစ္စများ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်ခြင်းနှင့် ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းဆိုင်ရာကိစ္စများကို အကျိုးအကြောင်း ခိုင်လုံစွာဖြင့် တင်ပြသွားသည်မှာ လျော်ကန်သင့်မြတ်မှုရှိသည်ကို တွေ့ရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းတင်သွင်းသည့်ကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့တွင် စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်အချက်နှင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်များကိစ္စ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ ချုပ်ဆိုသောစာချုပ်များ၊ သဘောတူညီရေးနှင့်ပတ်သက်ပြီး အဆုံးအဖြတ်ပေးရသည့်ကိစ္စ၊ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ခြင်းဆိုင်ရာကိစ္စ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးခွင့် ပြုခြင်းဆိုင်ရာကိစ္စ၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် ဖိတ်ကြား၍ အစည်းအဝေးတက်ရောက်နေသော ကိုယ်စားလှယ်တစ်ဦးဦးကို လွှတ်တော်အစည်းအဝေးကျင်းပနေခိုက် ဖမ်းဆီးရန် လိုအပ်လာလျှင် မည်ကဲ့သို့ ဆောင်ရွက်ရမည့်ကိစ္စများပါမကျန် တင်ပြသွားသည်ကို တွေ့ရပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများပါ အချက်အလက်များကို အသေးစိတ်လေ့လာပြီး နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ကဏ္ဍအလိုက် ဘက်စုံထောင့်စုံမှ အချိန်ယူစိစစ်ပြုစုလေ့လာ တင်ပြသွားသည်ကို တွေ့ရှိရသည့်အတွက် ပြီးပြည့်စုံပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှာပါရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများတွင် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများသည် နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမှန်တကယ် ပါဝင်သင့်သော အချက်များဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ယင်းအချက်များကို စုစည်းတင်ပြရလျှင်–

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စု လွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်။
(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကက ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူ ကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။
(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယ နာယကသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်၊ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ

အချပ်ပို (ခ) သို့

16-1 (A).p65 1 3/26/1905, 5:08 PM

ဥပဒေတစ်ရပ်ကအပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်

အချပ်ပို (က) မှ

တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်း မပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြုစာရင်း”တွင် ဖော်ပြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကိုပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ ဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြု ဆုံးဖြတ်ရမည်။

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့် ဆက်လက်အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေးရမည်။

(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် “ပြည်ထောင်စုဥပဒေပြုစာရင်း”တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေး ဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကိုပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်းအတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသောဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်းအတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သောဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသောဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချီထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ

တို့ဖြစ်ပါကြောင်း။

အထက်က မိမိတင်ပြခဲ့သည့်အချက်များကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်း ဆိုင်ရာ လုပ်ငန်းများတွင် အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးကျော်လှိုင်၏ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြု တင်ပြသွားမှာဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်းပြီး အောက်ပါကိစ္စရပ်(၁၉)ရပ် ပါဝင်ခဲ့သည်ကို အားလုံးသိရှိကြပြီး ဖြစ်ပါကြောင်း။

- ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သည့် ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့ရက်၊ အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပရမည့်နေ့ရက်ကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပရေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ နောက်သက်တမ်းများတွင် ကျင်းပမည့် ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပရေးကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းကိစ္စ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်းကိစ္စ။
- ပြည်သူ့လွှတ်တော် အစည်းအဝေးများနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အဆုံးအဖြတ်၊ သဘောတူညီချက်၊ အတည်ပြုချက် စသည်များအတွက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မည်မျှ၏ ထောက်ခံဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည့် ကိစ္စများကိုဆုံးဖြတ်ခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌများ၏ ဆန္ဒမဲပေးပိုင်ခွင့်တို့နှင့်စပ်လျဉ်းသည့်ကိစ္စ။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်ခြင်းကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုဖြစ်ပေါ်နေသော်လည်း ဆိုင်ရာလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေးတက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သဖြင့် လွှတ်တော်များ၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်းမရှိစေရေးနှင့် စပ်လျဉ်းသည့်ကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူသိရှိခွင့်ကိစ္စ။
- **“ပြည်ထောင်စုဥပဒေပြုစာရင်း”**တွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာသာ ဥပဒေကြမ်းတင်သွင်းဆောင်ရွက်ရန် သတ်မှတ်ထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေကြမ်း စတင် တင်သွင်းခြင်းကိစ္စ။
- ဥပဒေတစ်ရပ်အရပြုလုပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေများကို ဆိုင်ရာအဖွဲ့အစည်းက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရေး၊ ထိုသို့ဖြန့်ဝေတင်ပြသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိသည့်အခါ ဆောင်ရွက်ရမည့်နည်းလမ်း အဆင့်ဆင့် သတ်မှတ်ခြင်းကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဥပဒေကြမ်းတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ။
- ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့သောအခါနှင့် အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ပေးပို့သည့်အခါတို့တွင် ဥပဒေကြမ်း လက်ခံရရှိသည့်လွှတ်တော်၌ ရှိသင့်သည့်လုပ်ပိုင်ခွင့်များကိစ္စ။
- ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်အစည်းအဝေး သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်အဖွဲ့နှင့် လွှတ်တော်နှစ်ရပ်၏ပူးပေါင်းကော်မတီတို့၏ အစည်းအဝေးများတွင် ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ကိစ္စ။
- ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိစ္စ။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြု၍ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသောအဖွဲ့အစည်းဝင် သို့မဟုတ် ပုဂ္ဂိုလ်၏အခွင့်အရေးများ၊ လွှတ်တော်ကဖွဲ့စည်းသည့်ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်၏ အခွင့်အရေးများကိစ္စ။
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် လွှတ်တော်တစ်ရပ်ရပ်က ဖွဲ့စည်းသောကော်မရှင်နှင့် အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးကို ဥပဒေအရ ဖမ်းဆီးရန်အကြောင်း ပေါ်ပေါက်ပါက ဆောင်ရွက်ရမည့်နည်းလမ်းများကိစ္စ။
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကသော်လည်းကောင်း၊ အဆိုပါလွှတ်တော်အသီးသီး၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများကိစ္စ။

အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာ၌ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ပြီး ပြောကြားခဲ့သလို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ထင်ဟပ်သုံးသပ် ဖော်ပြခဲ့သည်ကိုလည်း မိမိတို့အားလုံး သိရှိနားလည်သဘောပေါက်ခဲ့ကြသည့်အပြင် ပြည့်စုံပြီး များစွာလျော်ကန်သင့်မြတ်သည့် အသေးစိတ်အခြေခံရမည့်မူများဖြစ်ကြောင်း တွေ့ရှိပါကြောင်း။

ထိုကဲ့သို့ တွေ့ရှိချက်များကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၂၀ရက်၊ ၂၂ရက်နှင့်၂၃ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးများတွင် အကျေအလည်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အထက်ကမိမိတင်ပြခဲ့သည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်စပ်လျဉ်းသော ကိစ္စရပ်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ ယင်းကိစ္စရပ် ၁၉ရပ်ကို စုစည်းတင်ပြရပါက–

၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ် စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် သက်တမ်းစတင်သည့် နေ့ရက်သည် ပြည်သူ့ လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက် အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်း အဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက် ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးကျော်လှိုင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂ လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–
(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–
(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊
(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၅) အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊
(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊
(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၆။ (က) (၁) ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။
(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) **အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။**
(၂) **အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။**

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်သူ့

အချပ်ပို (ဃ) သို့

အချပ်ပို (ဂ) မှ

လွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက် ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာ တစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့ လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် ပြည်သူ့လွှတ်တော်က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်း ရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း၁၅ရက် တစ်ဆက်တည်းပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ အကြောင်းကြားချက်ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူ တစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကိုပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင်ပါရှိသော ကိစ္စရပ်များအနက်ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေး ဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကတင်သွင်းသော ဥပဒေကြမ်း များကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော် တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် "ပြည်ထောင်စု ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသား လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်း များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်ကပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့်သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်ကပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်သည်အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကိုလက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုလက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏အစည်းဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

(ဆက်လက်ဖော်ပြပါမည်)